# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၁၀)ရက် ၊ စနေနေ့ ၊ (22-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၉၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်

## တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၈) သူရတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၈) သူရတပ်ခွဲသင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၈) သူရတပ်ခွဲသင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဗထူးမြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရေးပြကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင် စည်သူထွန်းအောင်၊ **စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့အနာဂတ် လူငယ်များဘဝမြင့်မားအောင် လမ်းပြဖော်ဆောင်

ယခုကာလသည် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာအတန်းများ တတ်မြောက်မှုစစ်ဆေးသည့် နှစ်ဆုံးစာမေးပွဲကာလများဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများသည် စာမေးပွဲအတွက် အချိန်များစွာပေးကာ အပင်ပန်းခံ ကြိုးစားနေချိန်ဖြစ်သည်။ စာသင်နှစ်အတွင်း ကျောင်းစာများ အပတ်တကုတ်ကြိုးစားနေခြင်းသည် ကောင်းမွန်သော်လည်း လောကကြီးတွင် သင်ယူလေ့လာစရာများ အလွန်များပြားလှသည့်အတွက် ကျောင်းသားလူငယ်များကို နွေရာသီကျောင်းပိတ်ရက်ရှည်ကာလအတွင်း ဝါသနာပါရာ၊ စိတ်ဝင်စားရာ၊ စူးစမ်းလေ့လာစရာအလုပ်များဖြင့် ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါးသာ အချိန်ကုန်ဆုံးစေသင့်ပါသည်။

မိဘ၊ အုပ်ထိန်းသူတချို့က အခြေခံပညာအရွယ် ကျောင်းသား၊ ကျောင်းသူများကို စာသင်ကျောင်းနှင့် စာသင်ခန်းကသာ သင်ယူစရာအဖြစ် ရိုးသားစွာမှတ်ထင်တတ်ကြပါသည်။ အမှန်တကယ်မှာ စာသင်ခန်းပြင်ပ လောကပတ်ဝန်းကျင် အဖြစ်အပျက်အားလုံးသည် ဘဝတစ်လျှောက်လုံးအတွက် လေ့လာသင်ယူစရာများပင်ဖြစ်ပါသည်။ ယခုကဲ့သို့ စာသင်နှစ်တစ်နှစ်တာကာလအတွင်း ပင်ပန်းခဲ့သမျှကို နွေရာသီကျောင်းပိတ်ရက်ရှည်ကာလတွင် ကျောင်းသား၊ ကျောင်းသူများ နောင်လာမည့်စာသင်နှစ်အတွက် စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်ဖြစ်စေရန် ကိုယ်၊ စိတ်အပန်းဖြေစေခြင်း၊ အိမ်တွင် ဝါသနာပါရာ စာအုပ်စာပေ စာကောင်းပေမွန်များ ဖတ်ရှုစေခြင်း၊ မိမိဒေသအနီးတစ်ဝိုက်သို့ လေ့လာရေးခရီး၊ မိသားစုအပျော်ခရီး ထွက်ခြင်း၊ ဆွေမျိုးများရှိရာသို့ ရက်ရှည်ခရီးထွက်စေခြင်းတို့ကို အားပေးဖော်ဆောင်ပေးသင့်လှပါသည်။

မြန်မာနိုင်ငံတွင် ယခုကဲ့သို့ ပွင့်လင်းရာသီနွေကျောင်းပိတ်ရက်ကာလမျိုးတွင် ပြည်တွင်းခရီးသွားများ အပန်းဖြေခရီးထွက်ခြင်း၊ ဘုရားဖူးခရီးထွက်ခြင်းမျိုးကို အများဆုံးပြုလုပ်ကြလေ့ရှိသည်။ ထိုသို့ခရီးသွားခြင်းဖြင့် လူကြီးများတွင် အလုပ်တာဝန်၊ အိမ်မှုတာဝန်များကြောင့် ပင်ပန်းထားသမျှ အတွေးသစ်၊ အမြင်သစ်၊ မိတ်ဆွေသစ်များ တိုးပွားစေသည်။ ကျောင်းသား၊ ကျောင်းသူများအတွက်လည်း နွေကျောင်းပိတ်ရက်ရှည်ကာလအတွင်း ခရီးသွားအတွေ့အကြုံများကြောင့် ဘဝတစ်လျှောက်လုံးအတွက် လေ့လာမှတ်သားစရာ၊ သင်ယူစရာများစွာ အတွေ့အကြုံသစ်များရရှိနိုင်မည့်အပြင် ဘဝတစ်သက်တာလုံး မှတ်မိစေမည့် ပျော်စရာနေ့ရက်များပါ ဖြစ်ပေါ်လာနိုင်ပေသည်။

ထို့ကြောင့် မိဘ၊ အုပ်ထိန်းသူများသည် မိမိတို့၏သားသမီးများကို ကျောင်းပညာရေးလည်းတော်အောင်၊ စာကြိုးစားရင်း လောကသဘာဝ အတွေ့အကြုံ၊ အတွေးအမြင်သစ်များကြောင့် ကိုယ်ရော၊ စိတ်ပါ တက်ကြွလန်းဆန်းနေအောင် ဖန်တီးပေးကြရမည်ဖြစ်ပါသည်။ သို့ရာတွင် သားသမီးများ တစ်နှစ်တာပင်ပန်းထားသည်ကို အကြောင်းပြု၍ အနားပေးရာတွင် အိပ်စက်ချိန်လျော့နည်းနေသည်အထိ စမတ်ဖုန်းအသုံးပြုခြင်း၊ အာဟာရတန်ဖိုးအလွန်နည်းသည့် သရေစာများ စိတ်ကြိုက်စားသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးလွန်းခြင်း၊ ဆေးလိပ်၊ ကွမ်းယာ၊ ဘီယာ၊ အရက်နှင့် လောင်းကစားပေါင်းစုံတို့ကို စမ်းသပ်သုံးစွဲခြင်းများမဖြစ်အောင်လည်း ကြပ်မတ်ထိန်းသိမ်းရမည်ဖြစ်ပါသည်။

အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် နွေကျောင်းပိတ်ရက်ရှည်ကာလသည် စိတ်အင်အားဖြစ်စေရန်၊ စိတ်ဖိစီးမှုများမဖြစ်စေရန်၊ အကြားအမြင်ဗဟုသုတများ တိုးပွားစေရန်၊ အဖွဲ့အစည်းနှင့်လုပ်ဆောင်တတ်စေရန်၊ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်စေရန် စသည့်ဘဝအတွက် တန်ဖိုးမဖြတ်နိုင်သည့် အလေ့အကျင့်ကောင်းများရရှိအောင် မိဘအုပ်ထိန်းသူများက ထိန်းကျောင်းတည့်မတ်ပေးရမည်ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများ၏အနာဂတ်သည် မိသားစုအတွက်သာမက နိုင်ငံ့အနာဂတ်ပင်ဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံ့အနာဂတ်မျိုးဆက်သစ်များ၏ ပညာပြည့်ဝနှလုံးလှစေရန်၊ ဇလင်းတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်လာစေရန်၊ ဘဝအဆင့် မြင့်မားတိုးတက်စေရန် မိဘပြည်သူအပေါင်းက တော်တည့်မှန်ကန်စွာ လမ်းပြဖော်ဆောင်ပေးသင့်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်စပါးများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်စပါးများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၆၁၂၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးခင်းများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၃ ဒသမ ၆၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်မှာ မိုးစပါး ၂၆၁၂၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ စစ်ကိုင်းမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများအမိုးအကာအောက်အချိန်မီရောက်ရှိရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် စပါးများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် စပါးများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောက်ပန်းတောင်းမြို့နယ် ထန်းတောကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ထန်းတောကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ)ဒေါ်သူဇာနွယ်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ထန်းတောကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ)က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်မှာကြားပြီး ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထန်းတောကြီးကျေးရွာ၌ အရှည် ၅၄၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၅ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း သီးထပ်ရင်စပါးတင်းရေ ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိဖြိုးက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက သီးထပ်ရင် စပါးတင်းရေ ၅၁၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ သီးထပ်ရင်စပါးတင်းရေ ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို ဇန်နဝါရီလအတွင်းက သီးထပ်ရင် စပါးတင်းရေ ၆၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေကြည်မြို့နယ်ကနေ စပါးအပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ သီးထပ်ရင်စပါးက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုအားကောင်းနေလို့ တင်ပို့မှုအားကောင်းလာတာဖြစ်ပါတယ်။ ပြည်တွင်း ဆန်၊ စပါးဈေးကွက်မှာကို စပါးက အဝယ်လိုက်နေပါတယ်"ဟု ရေကြည်မြို့နယ် ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိဖြိုးက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၄၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း ရေကြည်မြို့နယ် ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိဖြိုးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝမ်းတွင်းမြို့နယ် လက်သက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်သက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ ကျေးရွာတာဝန်ရှိသူများ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ စည်းမျဉ်း၊စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝမ်းတွင်းမြို့နယ် လက်သက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၂ ဦး ကို ငွေကျပ် ၂၄ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကိုငွေကျပ် ၁၂ ဒသမ ၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၁၆ လမ်း၊ ၈၀-၈၁ လမ်းကြားနေ ဦးထွန်းရွှေ-ဒေါ်ညွန့်ရီ စန်းရောင်ခြည်စက်မှုလက်မှု မိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အလှူငွေကျပ် ၈၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# ဝါးခယ်မမြို့နယ်တွင် နေကြာ ၆၀၈၂ ကေထိ စိုက်ပျိုးပြီးစီး လျာထားကေပြည့်မီအောင် ဆောင်ရွက်လျက်ရှိ



**မြောင်းမြ ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် နေကြာ ၆၀၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေပြည့်မီအောင် ဆောင်ရွက်လျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ထံမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ၆၇၅၈ ကေ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆီထွက်သီးနှံနေကြာ ၆၀၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

''ဝါးခယ်မမြို့နယ်အတွင်း ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာ ၆၇၅၈ ကေထိ လျာထားစိုက်ပျိုးနေပါတယ်။ လက်ရှိ နေကြာ ၆၀၈၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ နေကြာတွေ အသီးအပွင့်ကောင်းစေရေး၊ အထွက်နှုန်းကောင်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဆီထွက်သီးနှံနေကြာများ အပါအဝင် ဆောင်းသီးနှံများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံတောင်သူများနှင့်စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့မှ ပူးပေါင်းစိုက်ပျိုးဆောင်ရွက်နေကြောင်း သိရသည်။

နေကြာသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးဆီဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ရေငံရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေငံရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၄၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေငံရွာသစ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး ကို ငွေကျပ် ၁၈ ဒသမ ၅သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၉ ဒသမ ၄ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၉ ဒသမ ၅၅သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၄၅ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု ထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် မြေပဲ ၁၇၀၅ ကေထိ နုတ်သိမ်းပြီးစီး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံရာသီက စိုက်ပျိုးထားသည့် မြေပဲ ၁၇၀၅ ကေထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၃၀၈၆ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ မြေပဲစိုက်ခင်းများကို ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် မြေပဲ ၁၇၀၅ ကေ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း မြေပဲ ၃၀၈၆ ကေ စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနေ့ထိ မြေပဲ ၁၇၀၅ ကေ နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ တစ်ဧကကို ၅၂ ဒသမ ၁၄ တင်း ထွက်ရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲကေ ၂၉၃၀ လျာထားစိုက်ပျိုးခဲ့ရာ ၃၀၈၆ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မြေပဲစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းသော မျိုးသန့်မျိုးစေ့များ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်နှင့်အညီ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေးစသည့် တောင်သူပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံအောင် ဖြည့်ဆည်းပေးနိုင်ရုံမျှမက ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သဖြင့် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသော မြေပဲမျိုးများကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ကန်စွန်းဥ၏ ကျန်းမာရေးဆိုင်ရာသိကောင်းစရာများ(အပိုင်း-၁)

ဒေါက်တာလပြည့်ခင်



ကန်စွန်းဥသည် မိမိတို့ပတ်ဝန်းကျင်၌ အလွယ်တကူရရှိနိုင်ပြီး ဈေးနှုန်းချိုသာသော အသီးအနှံတစ်မျိုးဖြစ်သည်။ ကန်စွန်းဥ၏ ကျန်းမာရေးဆိုင်ရာသိကောင်းစရာများကို ဖော်ပြလိုပါသည်။ ကန်စွန်းဥ၏ သိပ္ပံအမည်မှာ Ipomoea Batatas ဟုခေါ်ပြီး မျိုးရင်း Convolvulaceae မျိုးနွယ်ဝင် နှစ်ရှည်ပင်နွယ်ပင်ဖြစ်ပြီး နှစ်စဉ်သီးနှံအဖြစ် စိုက်ပျိုးကြသည်။ အင်္ဂလိပ်အမည်မှာ Sweet Potatoes ဟုခေါ်ပြီး စပိန်စကားလုံး Patata နှင့် Taino Indians ၏ Batata (Sweet Potato) မှ ဆင်းသက်လာခြင်းဖြစ်သည့် မြေအောက်ဥဖြစ်သည်။ ကန်စွန်းဥတွင် ကစီဓာတ်များစွာပါဝင်ပြီး အပူပိုင်းနှင့် သမပိုင်းဒေသတွင် စိုက်ပျိုးလျက်ရှိသည်။

ကန်စွန်းဥကို အပူပိုင်းဒေသ၊ အလယ်ပိုင်းသို့မဟုတ် တောင်အမေရိကတို့တွင် အစားအစာအရင်းအမြစ်အဖြစ် နှစ်ပေါင်း ၅၀၀၀ ကျော်ကြာ အသုံးပြုခဲ့သည်။ ၁၅ ရာစုနှောင်းပိုင်းတွင် ကိုလံဘတ်သည် သူနှင့်အတူ အဆိုပါအပင်ကို အိမ်သို့ယူဆောင်သွားပြီးနောက် ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့သွားခဲ့သည်။ ကန်စွန်းဥကို အိန္ဒိယ၊ တန်ဇန်းနီးယား၊ ဂျပန်၊ ပီရူးနှင့် နယူးဇီလန်နိုင်ငံအပါအဝင် နိုင်ငံအသီးသီးတွင် စားသုံးနိုင်သောထုတ်ကုန်တစ်ခုအဖြစ် အသုံးပြုကြပြီး အညွန့်နှင့် အရွက်များကို ဆီးချိုရောဂါကုသရာတွင် ရိုးရာဆေးအဖြစ် အသုံးပြုကြသည်။ ကန်စွန်းဥကို မြန်မာနိုင်ငံအနှံ့အပြားအပါအဝင် တရုတ်၊ အင်ဒိုနီးရှား၊ နိုင်ဂျီးရီးယား၊ ယူဂန်ဒါ၊ အင်ဒိုနီးရှား၊ တန်ဇန်းနီးယား၊ ဗီယက်နမ်နှင့် အီသီယိုးပီးယား အစရှိသောနိုင်ငံများတွင် စိုက်ပျိုးကြသည်။

**ကန်စွန်းဥအမျိုးအစားများ**

ကမ္ဘာပေါ်တွင် ကန်စွန်းဥအမျိုးအစားပေါင်းများစွာရှိသော်လည်း ကန်စွန်းဥ၏ အရောင်နှင့် အပင်ပေါက်ပုံတို့အပေါ်မူတည်၍ အသားမာနှင့် အသားပျော့ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ အပြင်ခွံကပန်းရောင်အရင့်ဖြစ်ပြီး အတွင်းသားမှာ လိမ္မော်ရောင်၊ အဖြူရောင်နှင့် ခရမ်းရောင်ဟူ၍ အမျိုးမျိုးရှိသည်။ ဂျပန်နိုင်ငံထွက်ကန်စွန်းဥမှာ ခရမ်းရောင်ဖြစ်သည်။ အဝါဖျော့ သို့မဟုတ် အဖြူရောင်အသားရှိသောဥများသည် အရသာချိုပြီး အသားခပ်မွမွဖြစ်နေသည့် ပန်းရောင်၊ အနီရောင် သို့မဟုတ် လိမ္မော်ရောင်ရှိသောဥများနှင့်နှိုင်းယှဉ်ပါက အချိုဓာတ်လျော့နည်းသည်။ မြန်မာနိုင်ငံတွင် ရွှေဝါနှင့် ငချိပ်ဟူသော ကန်စွန်းဥအမျိုးအစားနှစ်မျိုးကို စိုက်ပျိုးစားသုံးကြသည်။ ရွှေဝါကန်စွန်းဥ၏ အပေါ်ခွံသည် အဝါဖျော့ဖျော့ရောင်ရှိပြီး အတွင်းသားသည် ရွှေဝါရောင်ရှိသည်။ ငချိပ်ကန်စွန်းဥ၏ အပေါ်ခွံနှင့် အတွင်းသား နှစ်ခုစလုံးသည် ခရမ်းရောင်ရှိသည်။ ရွှေဝါကန်စွန်းဥသည် ငချိပ်ကန်စွန်းဥထက် အသားပျော့၍ အရသာမှာ ပို၍ချိုသည်။

**ကန်စွန်းဥကို ဘယ်လိုစားမလဲ**

ကန်စွန်းဥကို ပြုတ်၍ဖြစ်စေ၊ မီးဖုတ်၍ဖြစ်စေ၊ ကြော်၍ဖြစ်စေ၊ အချိုပွဲပြုလုပ်၍ဖြစ်စေ စားသုံးခြင်းအပြင် မုန့်မျိုးစုံပြုလုပ်ရာတွင်လည်း အသုံးပြု၍ရသောသီးနှံဖြစ်သည်။ အခြားဥစားသီးနှံများနှင့်နှိုင်းယှဉ်ပါက ကယ်လိုရီများစွာပိုမိုပါဝင်၍ ကျန်းမာရေးအတွက် အထောက်အကူပြုသောသီးနှံဖြစ်သကဲ့သို့ တိရစ္ဆာန်အစာအဖြစ်လည်း အသုံးဝင်သည်။ ကန်စွန်းဥတွင် အာဟာရဓာတ်များနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါရှိသောကြောင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုစေသည်။ အရွက်နုများနှင့် အညွန့်များကိုလည်း စားသုံးကြသည်။

**ကန်စွန်းဥတွင်ပါဝင်သည့် အာဟာရဓာတ်များ**

ကန်စွန်းဥတွင် ပရိုတင်း၊ အဆီဓာတ်၊ ကာဘိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်၊ သံဓာတ်၊ ကယ်လ်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ ဖော့စဖရတ်၊ ပိုတက်ဆီယမ်၊ ဆိုဒီယမ်၊ ဆီလီနီယမ်၊ ဗီတာမင်၊ ဖောလိတ်၊ ခိုလင်း၊ ဗီတာမင်အေ၊ ဘီတာကယ်ရိုတင်း၊ ဗီတာမင်ကေတို့ ပါဝင်နေသည်။ ကန်စွန်းဥတွင် ကင်ဆာရောဂါကို တိုက်ဖျက်နိုင်သောဂုဏ်သတ္တိရှိသည့် ဗီတာမင်အေ၊ ဗီတာမင်စီနှင့် မဂ္ဂနိစ်ပမာဏများစွာပါရှိသောကြောင့် အာဟာရပြည့်ဝပြီး ကိုယ်ခံအားလုပ်ဆောင်ချက်နှင့် အခြားသောကျန်းမာရေးအကျိုးကျေးဇူးများကို မြှင့်တင်ပေးနိုင်သည်။ ကန်စွန်းဥတွင်ပါဝင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်း ဘီတာကာရိုတင်းသည် အထူးသဖြင့် တစ်နှစ်မှ လေးနှစ်ထိ ကလေးငယ်များအတွက် လိုအပ်သော ဗီတာမင်အေကို အလွန်ထိရောက်စွာ မြှင့်တင်ပေးနိုင်သည်။ ကန်စွန်းဥ ၁၀၀ ဂရမ်တွင် စွမ်းအင် ၈၅ ကယ်လိုရီ၊ အဆီဓာတ် သုည ဒသမ ၁ ဂရမ်၊ ဆိုဒီယမ် ၅၅ မီလီဂရမ်၊ ပိုတက်ဆီယမ် ၃၃၇ မီလီဂရမ်၊ ကာဘိုဟိုက်ဒရိတ် ၂၀ ဂရမ်နှင့် ပရိုတင်း ၁ ဒသမ ၆ ဂရမ်ပါဝင်သည်။

**အမြင်အာရုံကို ကောင်းမွန်စေခြင်း**

ကန်စွန်းဥတွင် ဗီတာမင်အေ၊ ဗီတာမင်ဘီ၊ ဗီတာမင်စီ၊ ဗီတာမင်ဒီနှင့် ဗီတာမင်အီးတို့ မြင့်မားစွာပါဝင်သောကြောင့် ကန်စွန်းဥကို သင့်တင့်မျှတစွာ နေ့စဉ်စားသုံးပေးခြင်းဖြင့် ကျန်းမာရေးအတွက် များစွာအထောက်အကူဖြစ်စေသည်။ ကန်စွန်းဥတွင် ဗီတာမင်အေနှင့် ဗီတာမင်စီ မြင့်မားစွာပါဝင်ခြင်းကြောင့် စားသုံးပေးခြင်းဖြင့် အမြင်အာရုံကောင်းမွန်မှုကို အထောက်အကူဖြစ်စေသည်။ ဗီတာမင်အေချို့တဲ့၍ မျက်လုံးကွယ်ခြင်း၊ ဗီတာမင်စီချို့တဲ့၍ မျက်လုံးအတွင်း တိမ်ဖြစ်ခြင်းတို့မှ ကာကွယ်ပေးသည်။ သံဓာတ်ပါဝင်မှုလည်းများသဖြင့် ရောဂါဒဏ်ကို ခံနိုင်ရည်ရှိစေသည်။ မဂ္ဂနီစီယမ်ဓာတ်များစွာပါဝင်သည့်အတွက် စိတ်ဖိစီးမှုများကိုလည်း လျော့နည်းစေနိုင်သည်။

**ဆံသားကို ကျန်းမာစေခြင်း**

ကန်စွန်းဥတွင် အမျှင်ဓာတ်များစွာ အဓိကပါဝင်သောကြောင့် ကင်ဆာရောဂါဖြစ်ပွားမှုမှကာကွယ်ပေးခြင်းအပြင် ဆံပင်နှင့်အသားအရေကို ကောင်းမွန်စေခြင်း၊ အရွယ်တင်နုပျိုစေခြင်းနှင့် ဗီတာမင်အီး မြောက်မြားစွာပါဝင်၍ ဆံသားကျန်းမာရေးကို ထိန်းသိမ်းပေးရာတွင် အထူးအသုံးဝင်သည်။

**ဆီးချိုရောဂါဝေဒနာရှင်များ စားသုံးသင့်သော ကန်စွန်းဥ**

ကန်စွန်းဥသည် အခြားသောအမြစ်ဥ၊ အမြစ်ဖုဟင်းသီးဟင်းရွက်များနှင့်မတူဘဲ ကယ်လိုရီနည်းပါးသဖြင့် အပင်ပရိုတင်းဓာတ်ရရှိရာ အရင်းအမြစ်ဖြစ်သည်။ သကြားပါဝင်မှုနည်းပါးပြီး သွေးအတွင်းရှိ သကြားပမာဏကို တည်ငြိမ်အောင်ထိန်းညှိပေးကာ တစ်ပြိုင်တည်းတွင် အင်ဆူလင်ခံနိုင်ရည်စွမ်းအားကို ထိန်းချုပ်ပေးနိုင်သောကြောင့် ဆီးချိုရောဂါဝေဒနာရှင်များစားသုံးသင့်သော အစားအစာတစ်မျိုးဖြစ်သည်။ ဆီးချိုရောဂါကြောင့် အရေပြားညစ်ခြင်း၊ အရေပြားယားယံခြင်းနှင့် မွေးညှင်းပေါက်သန့်ရှင်းစင်ကြယ်စေခြင်းတို့အတွက် ကန်စွန်းဥကိုပြုတ်၍ ရရှိလာသော ကန်စွန်းဥပြုတ်ရည်က ဆေးဖက်ဝင်သည်။ ကန်စွန်းဥတွင် လူ့ခန္ဓာကိုယ်ထဲရှိ ဆဲလ်များအတွင်း ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပျက်စီးယိုယွင်းမှုကို ကြိုတင်ကာကွယ်ပေးပြီး အနာရောဂါများကို အလျင်အမြန်သက်သာပျောက်ကင်းစေနိုင်သော Sporamins ဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် ဆီးချိုရောဂါဝေဒနာရှင်များအတွက် အနာကျက်မြန်ဆန်စေနိုင်သည်။ ကာဘိုဟိုက်ဒရိတ်ဓာတ်ပါဝင်မှုကြောင့် သွေးတွင်းသကြားဓာတ်ကို ထိန်းပေးထားနိုင်ခြင်း၊ ဆီးချိုရောဂါမှ ကာကွယ်ပေးနိုင်ခြင်းနှင့် သံဓာတ်များစွာပါဝင်မှုကြောင့် ရောဂါဒဏ်ခံနိုင်ရည်ရှိစေသည်။ အမျှင်ဓာတ်ကြွယ်ဝသဖြင့် ဝမ်းမှန်စေနိုင်ပြီး သကြားဓာတ်စုပ်ယူမှုကို ထိန်းညှိပေးနိုင်သည်။ ဓာတ်တိုးဆန့်ကျင်အာနိသင်ကြွယ်ဝသည့် ကန်စွန်းဥစားပေးခြင်းဖြင့် Free Radical များကြောင့် နာတာရှည်ရောဂါများမဖြစ်အောင် ကာကွယ်ပေးနိုင်သကဲ့သို့ ဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးပြီး ဆီးချိုနှင့် နှလုံးရောဂါများမဖြစ်ပွားအောင်လည်း ကာကွယ်ပေးနိုင်သည်။

**နှလုံးကျန်းမာရေးကို ကောင်းစေခြင်း**

ကန်စွန်းဥတွင် လူ့ခန္ဓာကိုယ်၏ ဖွဲ့စည်းတည်ဆောက်မှုလုပ်ငန်းဆောင်တာ အဖြာဖြာတို့အတွက် လွန်စွာအရေးပါသော သက်စောင့်ဓာတ်ဖြစ်သည့် ဗီတာမင်စီကြွယ်ဝစွာပါရှိနေသည်။ ကန်စွန်းဥထဲရှိ ပိုတက်စီယမ်ဓာတ်က ခန္ဓာကိုယ်အတွင်း ဆိုဒီယမ်သက်ရောက်မှုများကို လျှော့ချပေးနိုင်သဖြင့် နှလုံးကြွက်သားတစ်ရှူးများကို ကျန်းမာစေပြီး နှလုံးကျန်းမာရေးအတွက် တစ်ဖက်တစ်လမ်းမှအထောက်အပံ့ဖြစ်စေသည်။ ထိုဖြစ်စဉ်က သွေးဖိအားကို ပုံမှန်ဖြစ်စေသည့်အတွက် သွေးတိုးရောဂါနှင့် လေငန်းရောဂါတို့မဖြစ်စေရန် ကာကွယ်ပေးသကဲ့သို့ နှလုံးခုန်နှုန်းကိုလည်း ပုံမှန်ဖြစ်စေသည်။ အမျှင်ဓာတ်များစွာပါဝင်ခြင်းကြောင့် ကလေးရောလူကြီးကိုပါ ဝမ်းချုပ်ခြင်းမှကာကွယ်ပေးပြီး ကိုယ်အလေးချိန် လျှော့ချပေးနိုင်သည့်အပြင် ငချိပ်ကန်စွန်းဥကို စားသုံးပေးလျှင် နှလုံးသွေးကြောဆိုင်ရာရောဂါများကို လျှော့ချပေးနိုင်သည်။

**အရေပြားနှင့်အရိုးများကို ကျန်းမာကြံ့ခိုင်စေခြင်း**

ကန်စွန်းဥတွင် ဗီတာမင်ဒီ မြင့်မားစွာပါရှိသောကြောင့် ကန်စွန်းဥကို ပုံမှန်စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်အတွက် ခွန်အားဖြစ်စေကာ နှလုံး၊ အရေပြား၊ အရိုးနှင့်သွားများကို ကျန်းမာကြံ့ခိုင်စေသည်။ ကန်စွန်းဥတွင် ဖောလစ်အက်စစ်ဓာတ်မြင့်မားစွာပါရှိနေသောကြောင့် အမိဝမ်းတွင်းရှိ သန္ဓေသားကို ဖွံ့ဖြိုးစေသည့်အပြင် ၎င်းဓာတ်က ခြေသလုံးကြွက်တက်ခြင်းနှင့် ကြွက်သားများတောင့်တင်းခြင်းတို့ကို လျှော့ချပေးနိုင်သော အကျိုးကျေးဇူးများရှိကြောင်း ကန်စွန်းဥ၏ ကျန်းမာရေးဆိုင်ရာသိကောင်းစရာများကို ရေးသားလိုက်ရပါသည်။

**❖ကန်စွန်းဥတွင် ပရိုတင်း၊ အဆီဓာတ်၊ ကာဘိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်၊ သံဓာတ်၊ ကယ်လ်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ ဖော့စဖရတ်၊ ပိုတက်ဆီယမ်၊ ဆိုဒီယမ်၊ ဆီလီနီယမ်၊ ဗီတာမင်၊ ဖောလိတ်၊ ခိုလင်း၊ ဗီတာမင်အေ၊ ဘီတာကယ်ရိုတင်း၊ ဗီတာမင်ကေတို့ ပါဝင်နေသည်။ ကန်စွန်းဥတွင် ကင်ဆာရောဂါကိုတိုက်ဖျက်နိုင်သောဂုဏ်သတ္တိရှိသည့် ဗီတာမင်အေ၊ ဗီတာမင်စီနှင့် မဂ္ဂနိစ်ပမာဏများစွာပါရှိသောကြောင့် အာဟာရပြည့်ဝပြီး ကိုယ်ခံအားလုပ်ဆောင်ချက်နှင့် အခြားသောကျန်းမာရေးအကျိုးကျေးဇူးများကို မြှင့်တင်ပေးနိုင်သည်။ ❖**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## သာပေါင်းမြို့နယ်တွင် မိုးစပါး ၅၇၆၄၇ ဧကထိ ရိတ်သိမ်းပြီးစီး တစ်ဧကချင်း အထွက်နှုန်းများ ကောင်းမွန်လျက်ရှိ



**ပုသိမ် ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၅၇၆၄၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကချင်းအထွက်နှုန်းများ ကောင်းမွန်လျက်ရှိကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါးလျာထား ၆၈၂၉၇ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ ယနေ့ထိ စပါး ၅၇၆၄၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းပြီးဖြစ်သည့်စပါးများ တစ်ဧကလျှင် ၈၉ ဒသမ ၂၁ တင်းထိ ထွက်ရှိခဲ့ပြီး အထွက်နှုန်းများ ကောင်းမွန်ကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာ စပါးလျာထား ၆၈၂၉၇ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စပါးတွေကို ပြန်လည်ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ စပါး ၅၇၆၄၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ တောင်သူတွေစပါးများကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးရေးနဲ့သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေနဲ့ပေါင်းစပ်ပြီး သွင်းအားစုတွေရရှိရေး၊ စပါးတွေအထွက်နှုန်းကောင်းစေရေး၊ အရည်အသွေးကောင်းစေရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆောင်ရွက်ခဲ့တဲ့အတိုင်း အခုပြန်လည်ရိတ်သိမ်းတဲ့အခါ စပါးတွေအထွက်နှုန်းကောင်းမွန်ပါတယ်။ ကျန်တဲ့ စပါးဧကတွေကိုလဲ ဆက်လက်ရိတ်သိမ်းနေပါတယ်"ဟု ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် စပါးသီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှုဖူလုံမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ရာ အရည်အသွေးကောင်းစပါးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## သထုံမြို့နယ် ကျောက်တန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**သထုံ ဖေဖော်ဝါရီ ၂၁**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ကျောက်တန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးနှင့် ဝန်ထမ်းများက ကျောက်တန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ခရိုင်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကျောက်တန်းကျေးရွာတွင် အရှည် ၅၄၈ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၁ သန်း စုစုပေါင်း ၁၇ ဒသမ ၁ သန်းဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပေးနိုင်မှုကြောင့် ကျောက်တန်းကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သုတ**

## ကျန်းမာခြင်းသည် လာဘ်တစ်ပါး

- လူတို့သည် ကျန်းမာခြင်း
  ဘေးကင်းပြီး နေထိုင်ရာ၊
  ဆောင်ပုဒ်အညီ လာဘ်တစ်ပါးပေ့ါ
  ဆိုစကားပါ၊
  အသိသတိ အမြဲကပ်စွာ
  ဒါမှသာ လူ့ဘဝ၊
  စိတ်ဝမ်းအတည် ညီပါကြောင်းပေ့ါ
  ကောင်းခြင်းတွေရ။

- စားသောက်ဖွယ် ညီမျှတ
  ဖြည့်စွက်ကြ လူသားတွေ၊
  ကျန်းမာအောင် အားကစားတို့
  လှုပ်ရှားမိတ်ဆွေ၊
  လေ့ကျင့်ခန်း နေ့ညမသွေ
  လုပ်ကြစေ နိုးကြား၊
  မိမိကိုယ် ဂရုစိုက်ဖို့
  ပြုထိုက်စေသား။

- စိတ်လန်းရွှင် တိုးစီးပွားနှင့်
  ကြံခိုင်ထား လူရည်ချွန်၊
  ကျန်းမာသူ စိတ်သန့်ရှင်းတော့
  ဂုဏ်သတင်းချွန်၊
  မိမိ၏ မိမိတာဝန်
  အောင်တံခွန် ထိုးဖောက်၊
  ရှင်သန်ချိန် ဂုဏ်ရောင်သွန်းလို့
  ထွန်းထွန်းတောက်တောက်။ ။

**ရင်ခတ်ပန်း(စွယ်တော်)**

COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# နိုင်ငံတကာ သတင်းများ

## ယူကရိန်းပဋိပက္ခပြီးဆုံးရေး ဒေါ်နယ်ထရန့်ကြိုးပမ်းမှု ထောက်ခံကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးပြောကြား

**ဂျိုဟန်နက်စဘတ် ဖေဖော်ဝါရီ ၂၁**

ယူကရိန်းပဋိပက္ခ အဆုံးသတ်ရေးအတွက် ရုရှားနိုင်ငံနှင့် သဘောတူညီချက်ရယူရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ကြိုးပမ်းမှုများကို ထောက်ခံကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျင်းပခဲ့သော ဂျီ-၂၀ အုပ်စု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ယူကရိန်းပဋိပက္ခအဆုံးသတ်ရေးအတွက် ဒေါ်နယ်ထရန့် ကြိုးပမ်းမှုများကို ထောက်ခံကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက ကြေညာခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် သမ္မတရာထူးရယူခဲ့ပြီးနောက်ပိုင်း ယူကရိန်းပဋိပက္ခဆိုင်ရာမူဝါဒကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ရုရှားခေါင်းဆောင်များနှင့် စတင်ထိတွေ့ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ယူကရိန်းပဋိပက္ခနှင့်ပတ်သက်၍ မကြာသေးမီရက်များအတွင်း ရုရှားနှင့် အမေရိကန်တာဝန်ရှိသူများရယူထားသည့် သဘောတူညီချက်များအပါအဝင် ယူကရိန်းပဋိပက္ခပြီးဆုံးရေးအတွက် အပြုသဘောဆောင်သည့် ကြိုးပမ်းမှုမှန်သမျှကို တရုတ်နိုင်ငံက ထောက်ခံကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ရုရှားနှင့်အမေရိကန် ထိပ်တန်းသံတမန်များသည် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌ တွေ့ဆုံ၍ ယူကရိန်းပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရီယာ့ဒ်ဆွေးနွေးပွဲတွင် ယူကရိန်းပဋိပက္ခအဆုံးသတ်ရေးအတွက် ရုရှား-အမေရိကန် ဆွေးနွေးပွဲများထပ်မံကျင်းပရန် နှစ်ဖက်စလုံးက သဘောတူခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## အစ္စရေးနိုင်ငံ၌ ရပ်ထားသည့် ဘတ်စကားများ ပေါက်ကွဲမှုဖြစ်ပွား

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၁**

အစ္စရေးနိုင်ငံအလယ်ပိုင်း၌ရပ်နားထားသည့် ဘတ်စကားသုံးစီးပေါ်တွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း အစ္စရေးရဲတပ်ဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါဘတ်စကားပေါက်ကွဲမှုများသည် ဘက်ယမ်အမည်ရှိ အစ္စရေးအလယ်ပိုင်းမြို့တစ်မြို့၌ ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘတ်စကား ပေါက်ကွဲမှုများအတွင်း ထိခိုက်ဒဏ်ရာရသူမရှိခဲ့ကြောင်း အစ္စရေးပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အလားတူ ဘက်ယမ်မြို့တွင်းရှိ အခြားဘတ်စကားနှစ်စီးပေါ်တွင်လည်း မပေါက်ကွဲသေးသည့် ဖောက်ခွဲရေးပစ္စည်းများကို အစ္စရေးရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

ဘတ်စကားပေါက်ကွဲမှုများကို စစ်သွေးကြွတိုက်ခိုက်မှုများအဖြစ် သတ်မှတ်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း အစ္စရေးရဲတပ်ဖွဲ့က ပြောကြားထားသည်။

ဘတ်စကားများကို ဖောက်ခွဲရေးအတွက် အသုံးပြုခဲ့သည့် ဖောက်ခွဲရေး ပစ္စည်းများမှာ အနောက်ဘက် ကမ်းဒေသမှ ပါလက်စတိုင်း စစ်သွေးကြွများ အသုံးပြုတတ်သည့် ဖောက်ခွဲရေးပစ္စည်းများဖြစ်ကြောင်း အစ္စရေးရဲတပ်ဖွဲ့၏အဆိုအရ သိရသည်။

Ref : RT

Trs : KKO

## ဩစတြေးလျကမ်းလွန်၌ တရုတ်ရေတပ်စစ်သင်္ဘောများ စစ်ရေးလေ့ကျင့်မှုပြုလုပ်



**ဆစ်ဒနီ ဖေဖော်ဝါရီ ၂၁**

ဩစတြေးလျနှင့် နယူးဇီလန်ကြား နိုင်ငံတကာရေပြင်အတွင်း တရုတ်ရေတပ်မှ စစ်သင်္ဘောများ ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုများပြုလုပ်နေမှုကြောင့် ယင်းဒေသဝေဟင်ကို ခရီးသည်တင်လေယာဉ်များ ရှောင်ကွင်းပျံသန်းနေရကြောင်း ဩစတြေးလျကာကွယ်ရေးဝန်ကြီး ရီချက်မာလက်စ်က ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

ဩစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ် ကမ်းရိုးတန်းကမ်းလွန် နိုင်ငံတကာရေပြင်အတွင်း ကျည်စစ်သုံးစစ်ရေးလေ့ကျင့်မှုများပြုလုပ်မည့် အစီအစဉ်ကို တရုတ်ရေတပ်က ဆက်သွယ်အသိပေးခဲ့သော်လည်း လုပ်မည့်နေ့မှသာ အသိပေးခဲ့ခြင်းဖြစ်ကြောင်းဩစတြေးလျကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

တရုတ် စစ်သင်္ဘောများ၏ ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုကြောင့် ကင်းတက်စ်လေကြောင်းလိုင်းနှင့် နယူးဇီလန်လေကြောင်းလိုင်းတို့မှာ ခရီးသည်တင်လေယာဉ်များပျံသန်းရာ လမ်းကြောင်းများကို ပြင်ဆင်ခဲ့ကြရသည်။

တရုတ်ရေတပ်မှ ဖရီးဂိတ်စစ်သင်္ဘောတစ်စီး၊ တိုက်သင်္ဘောတစ်စီးနှင့် ထောက်ပို့သင်္ဘောတစ်စီးတို့သည် ပြီးခဲ့သည့်ရက်သတ္တပတ်ကပင်ဩစတြေးလျကမ်းလွန်ရေပြင်အတွင်း ရောက်ရှိနေကြခြင်းဖြစ်သည်။

အဆိုပါ တရုတ်ရေတပ်စစ်သင်္ဘောများကို ဩစတြေးလျ၊ နယူးဇီလန် စစ်သင်္ဘောများနှင့် စစ်လေယာဉ်များက စောင့်ကြည့်နေသည်။

တရုတ်ရေတပ် စစ်သင်္ဘောများသည် ဩစတြေးလျကမ်းရိုးတန်းနှင့် ရေမိုင် ၂၀၀ခန့်အကွာ နိုင်ငံတကာရေပြင်အတွင်း ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အမေရိကန်နှင့် တောင်ကိုရီးယား ပူးတွဲလေတပ်စစ်ရေးလေ့ကျင့်မှုပြုလုပ်

**ဆိုးလ် ဖေဖော်ဝါရီ ၂၁**

အမေရိကန်နိုင်ငံနှင့်တောင်ကိုရီးယားတပ်မတော်တို့သည် ဖေဖော်ဝါရီ၂၀ ရက်တွင် လေကြောင်းပူးတွဲ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန် လေတပ်မှ ဘီ-၁ဘီ ဗုံးကြဲလေယာဉ် အနည်းဆုံးတစ်စင်းနှင့် တောင်ကိုရီးယားတိုက်လေယာဉ် အများအပြား ပါဝင်ခဲ့ကြောင်း တောင်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် သမ္မတရာထူးရယူပြီးနောက်ပိုင်း ပထမဆုံးပြုလုပ်ခဲ့သည့် တောင်ကိုရီးယား - အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မှုဖြစ်သည်။

ဖေဖော်ဝါရီ ၂၀ ရက် ပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှု၌ လေယာဉ်အစင်းရေ မည်မျှပါဝင်ခဲ့သည်ကို မသိရသေးကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံ၏ နျူကလီးယား ခြိမ်းခြောက်မှုများကြောင့် ကိုရီးယားကျွန်းဆွယ်ဒေသ၌ အခြေအနေများတင်းမာနေချိန်တွင် တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့က ပူးတွဲလေကြောင်း စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံနှင့်တောင်ကိုရီးယားတို့၏ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ကျူးကျော်စစ်အတွက် ဇာတ်တိုက်ပြင်ဆင်မှုအဖြစ် မြောက်ကိုရီးယားအစိုးရက သတ်မှတ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO



## စပရက်သ်လေကျွန်းစုဒေသ၌ ဖိလစ်ပိုင်လေယာဉ်သုံးစင်းကို သတိပေးနှင်ထုတ်ခဲ့ကြောင်း တရုတ်တပ်မတော်ပြောကြား

**ပေကျင်း ဖေဖော်ဝါရီ ၂၁**

စပရက်သ်ကျွန်းစုအနီး ဝေဟင်ပိုင်နက်ကို တရားမဝင်ကျူးကျော်ဝင်ရောက်လာသည့် ဖိလစ်ပိုင် လေယာဉ်သုံးစင်းကို ဖေဖော်ဝါရီ ၂၀ ရက်တွင် သတိပေးနှင်ထုတ်ခဲ့ကြောင်း တရုတ်တပ်မတော်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်တပ်မတော်၏ ကြေညာချက်အရ အဆိုပါ ဖိလစ်ပိုင် လေယာဉ်သုံးစင်းသည် ဖေဖော်ဝါရီ ၂၀ ရက်တွင် စပရက်သ်လေကျွန်းစုအနီး ဝေဟင်အတွင်းဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

တရုတ်တပ်မတော်၏ ယနေ့ သတင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ ဖိလစ်ပိုင်အစိုးရတာဝန်ရှိသူများက တစ်စုံတစ်ရာတုံ့ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်နှင့် ရေလုပ်ငန်းဗျူရိုတို့ ပူးတွဲစပရက်သ်လေကျွန်းစုဝေဟင်၌ ဝေဟင်ကင်းထောက်ပျံသန်းမှုများပြုလုပ်ခဲ့ကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၀ရက်တွင် ပြောကြားထားသည်။

တရုတ်နိုင်ငံသည် စပရက်သ်လေကျွန်းစုအပါအဝင် တောင်တရုတ်ပင်လယ်ဒေသ တစ်ခုလုံးနီးပါးကို ပိုင်ဆိုင်ခွင့်တောင်းဆိုထားသည်။

အလားတူ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့ကလည်း တောင်တရုတ်ပင်လယ်ဒေသ တစ်စိတ်တစ်ပိုင်းကို ပိုင်ဆိုင်ခွင့်ရရန် တရုတ်နှင့်အပြိုင် တောင်းဆိုထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Blue Ghost လဆင်းယာဉ်က ရယူထားသည့်လပတ်လမ်းအမြင့်ကို လွှော့ချခဲ့



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**

အမေရိကန်နိုင်ငံ အခြေစိုက် Firefly Aerospace ကုမ္ပဏီ၏ Blue Ghost လဆင်းယာဉ်သည် ၎င်းရယူထားသည့် လပတ်လမ်း အမြင့်ကို လျှော့ချခဲ့ကြောင်း ဖေဖော်ဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

Blue Ghost လဆင်းယာဉ်သည် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဒုံးကန်အားစနစ်ကို သုံးမိနစ်နှင့် ၁၈ စက္ကန့်ကြာဖွင့်၍ ရယူထားသည့် လပတ်လမ်းကို လမျက်နှာပြင် အထက် ၇၅ မိုင်အကွာ ပတ်လမ်း နေရာသို့ လျှော့ချခဲ့ကြောင်း သိရသည်။

Blue Ghost လဆင်းယာဉ်သည် ၎င်းပတ်လမ်းပေါ်၌ လမျက်နှာပြင်ပေါ် ဆင်းသက်ရန် ကြိုးစားမည့်အချိန်ထိ ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

Blue Ghost လဆင်းယာဉ်သည် ပြီးခဲ့သည့် သီတင်းပတ်အတွင်းကပင် လပတ်လမ်းအတွင်း စတင်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

Firefly Aerospace ကုမ္ပဏီသည် Blue Ghost လဆင်းယာဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Blue Ghost လဆင်းယာဉ်သည် လာမည့် မတ် ၂ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန် ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နှစ်ပေါင်း သန်း ၁၂၀ ကျော်က ဩစတြေးလျနိုင်ငံ၌ ရောမဒိုင်နိုဆောများ ကျက်စားခဲ့

**ကင်ဘာရာ ဖေဖော်ဝါရီ ၂၁**

လွန်ခဲ့သောနှစ်ပေါင်း သန်း ၁၂၀ ကျော်က ယနေ့ခေတ် ဩစတြေးလျနိုင်ငံ၌ ကိုယ်ထည်အလျား ခြောက်မီတာကျော်ရှိ ရောမဒိုင်နိုဆောများ ရှင်သန်ကျက်စားခဲ့ကြောင်း ဖေဖော်ဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

ဩစတြေးလျ သိပ္ပံပညာရှင်များသည် ဝိတိုရိယပြည်နယ် ကမ်းရိုးတန်းဒေသ၌ ခြေလေးချောင်း ဒိုင်နိုဆောမျိုးစိတ်သစ် ငါးမျိုးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ ဒိုင်နိုဆောမျိုးစိတ်သစ် ငါးမျိုးအနက် နှစ်မျိုးမှာ ကိုယ်ထည်အလျား ခြောက်မီတာကျော်ရှိသည့် Megaraptorid ခေါ် ဒိုင်နိုဆောများ၏ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း ဩစတြေးလျ သိပ္ပံပညာရှင်များက ပြောကြားသည်။

ကျန်ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းသုံးခုမှာ Carcharodontosaurian အုပ်စုဝင် ဒိုင်နိုဆောများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒိုင်နိုဆောများမှာ အရွယ်အစားအားဖြင့် ကိုယ်ထည်အလျား နှစ်မီတာမှ လေးမီတာထိ ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



အဆိုပါ ဒိုင်နိုဆောမျိုးစိတ်များသည် လွန်ခဲ့သောနှစ်ပေါင်း ၁၂၁ ဒသမ ၄ သန်းနှင့် ၁၁၈ သန်း ကြားကာလ ခရီတေးစီးယပ်စ် ဘူမိခေတ်အတွင်း ရှင်သန်ခဲ့ကြသည့် သက်ရှိများဖြစ်ကြကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## 2024 YR 4 ဂြိုဟ်သိမ်နှင့် ကမ္ဘာဂြိုဟ်တို့ ဝင်တိုက်နိုင်ခြေကို နာဆာသိပ္ပံပညာရှင်များက ပြန်လည်လျှော့ချထား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**

2024 YR 4 ဂြိုဟ်သိမ်နှင့်ကမ္ဘာဂြိုဟ်တို့ ဝင်တိုက်နိုင်ခြေကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက ပြန်လည်လျှော့ချထားကြောင်း ဖေဖော်ဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။



နောက်ဆုံးပြုလုပ်ထားသည့် တွက်ချက်မှုအရ 2024 YR 4 ဂြိုဟ်သိမ်နှင့် ကမ္ဘာဂြိုဟ်တို့ ၂၀၃၂ ခုနှစ်အတွင်း ဝင်တိုက်နိုင်ခြေမှာ အပုံ ၃၆၀ ပုံ တစ်ပုံ တစ်နည်းအားဖြင့် သုည ဒသမ ၂၈ ရာခိုင်နှုန်းထိ ကျဆင်းသွားပြီဖြစ်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

2024 YR 4 ဂြိုဟ်သိမ်နှင့် ကမ္ဘာဂြိုဟ်တို့ ၂၀၃၂ ခုနှစ်အတွင်း ဝင်တိုက်နိုင်ခြေမှာ အပုံ ၃၂ ပုံ တစ်ပုံ တစ်နည်းအားဖြင့် ၃ ဒသမ ၁ ရာခိုင်နှုန်းထိရှိကြောင်း နာဆာ သိပ္ပံပညာရှင်များက မူလက တွက်ချက်ထားသည်။

ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်နိုင်ခြေ ကျဆင်းသွားပြီဖြစ်သော်လည်း 2024 YR 4 ဂြိုဟ်သိမ်မှာ စောင့်ကြည့်ရမည့် အန္တရာယ်ရှိ ဂြိုဟ်သိမ်တစ်စင်းအဖြစ်ဆက်လက်ရပ်တည်နေဆဲဖြစ်သည်။

အရွယ်အစားအားဖြင့် အချင်း ပေ ၁၃၀ နှင့် ၃၀၀ ကြားရှိသည့် 2024 YR 4 ဂြိုဟ်သိမ်ကို ၂၀၂၄ ခုနှစ်အတွင်း ရှာဖွေတွေ့ရှိထားခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်သိမ်သည် ၂၀၃၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## သကြားဓာတ်တစ်မျိုးကြောင့်လေဖြတ်နိုင်ခြေနှင့် နှလုံးဖောက်နိုင်ခြေ မြင့်မားလာနိုင်

**စတော့ဟုမ်း ဖေဖော်ဝါရီ ၂၁**

အချိုရည်၊ သကြားလုံးနှင့် ပီကေကဲ့သို့ အစားအသောက်များတွင်ပါဝင်သော Aspartame ခေါ် ဓာတုသကြားဓာတ် တစ်မျိုးကြောင့် လေဖြတ်နိုင်ခြေနှင့်နှလုံးဖောက်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း ဖေဖော်ဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

ဆွီဒင် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Aspartame သကြားဓာတ်ကြောင့် သွေးကြောများအတွင်း အဆီစုစည်းမှု မြင့်တက်လာတတ်ကြောင်း သိရသည်။

Atherosclerosis ဟုခေါ်သော အဆိုပါ အဆီဓာတ်များကြောင့် သွေးကြောများပိတ်ဆို့၍ လေဖြတ်နိုင်ခြေနှင့် နှလုံးရုတ်တရက်ဖောက်နိုင်ခြေ မြင့်မားလာနိုင်သည်။

ဆွီဒင် သုတေသနပညာရှင်များသည် Aspartame သကြားဓာတ်၏ ဆိုးကျိုးကို ကြွက်များဖြင့် လက်တွေ့ လေ့လာခဲ့ပြီးနောက် တင်ပြခဲ့ကြခြင်းဖြစ်သည်။

ဆွီဒင် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Aspartame သကြားဓာတ်များ ကျွေးထားသည့် ကြွက်များသည် ၎င်းသကြားဓာတ်စားသုံးထားခြင်း မရှိသော ကြွက်များနှင့်နှိုင်းယှဉ်ပါက သွေးကြောများအတွင်း အဆီဓာတ်စုစည်းမှု ပိုမြင့်မားလာပြီး ရောင်ရမ်းမှုပြဿနာလည်း ပေါ်ထွက်လာကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဆွီဒင် သုတေသန ပညာရှင်များသည် လူသားများတွင်လည်း Aspartame သကြားဓာတ်၏ အထက်ပါ ဆိုးကျိုးများ သက်ရောက်မှုရှိ၊မရှိကို ဆက်လက်လေ့လာရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## အာခံတွင်းနှင့်လျှာပေါ်ရှိ ဗက်တီးရီးယားတချို့က အယ်ဇိုင်းမားဖြစ်နိုင်ခြေနှင့် ဆက်စပ်နေ

**လန်ဒန် ဖေဖော်ဝါရီ ၂၁**

အာခံတွင်းနှင့် လျှာပေါ်တို့ရှိ ဗက်တီးရီးယား တချို့သည် အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေနှင့် ဆက်စပ်နေဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ အက်ဆက်တာ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အာခံတွင်းနှင့်လျှာပေါ်ရှိ ဗက်တီးရီးယားတချို့သည် မှတ်ဉာဏ်စွမ်းရည်၊ အာရုံစူးစိုက်မှုစွမ်းရည်တို့ အားကောင်းလာမှုနှင့်ဆက်စပ်နေကြောင်း သိရသည်။

သို့ရာတွင် အချို့သောအာခံတွင်းနှင့်လျှာပေါ်ရှိဗက်တီးရီးယားများကမူ အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေနှင့် ဆက်စပ်နေသည်ကို တွေ့ရကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Neisseria နှင့် Haemophilus ဗက်တီးရီးယားများ အာခံတွင်း၌ စုစည်းမှုမြင့်မားသူများတွင် မှတ်ဉာဏ်စွမ်းရည်နှင့်အာရုံစူးစိုက်နိုင်စွမ်းတို့ သာမန်ထက်ပိုကောင်းမွန်ကြောင်း သိရသည်။

သို့ရာတွင် Prevotella ခေါ် ဗက်တီးရီးယားများ အာခံတွင်း၌ စုစည်းမှုနှုန်းမြင့်မားနေပါက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေမြင့်တက်လာတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Prevotella ဗက်တီးရီးယားများသည် သွေးလည်ပတ်မှုစနစ်မှတစ်ဆင့် ဦးနှောက်ဆီသို့ ရောက်သွားနိုင်ပြီး ဦးနှောက်ကို ဖျက်ဆီးနိုင်ခြေရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ယခုနှစ်ချန်ပီယံလိဂ်ဖလားကို လီဗာပူးအသင်း ဆွတ်ခူးနိုင်ကြောင်း စူပါကွန်ပျူတာခန့်မှန်း

**လန်ဒန် ဖေဖော်ဝါရီ ၂၁**

ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့်မဲခွဲမှုများမပြုလုပ်မီ စူပါကွန်ပျူတာက ချန်ပီယံလိဂ်ဆုဖလားရရှိမည့်အသင်းကို ခန့်မှန်းတွက်ချက်ခဲ့ရာ လီဗာပူးအသင်းက ထိပ်ဆုံးတွင် ရပ်တည်နေကြောင်း သိရသည်။

Optaရဲ့စူပါကွန်ပျူတာခန့်မှန်းချက်တွင် ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် လီဗာပူးအသင်းက ဆုဖလားရနိုင်ချေ ၂၀ ဒသမ ၂ ရာခိုင်နှုန်းဖြင့် အဆင့်(၁)၊ အာဆင်နယ်အသင်းက ၁၆ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အဆင့်(၂)၊ ဘာစီလိုနာအသင်းက ၁၂ဒသမ ၇ ရာခိုင်နှုန်းဖြင့် အဆင့်(၃)၊အင်တာမီလန်အသင်းက ၁၂ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အဆင့်(၄)၊ ရီးရဲလ်မက်ဒရစ်အသင်းက ၁၀ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အဆင့်(၅)၊ ပီအက်စ်ဂျီအသင်းက ၈ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အဆင့်(၆)၊ လေဗာကူဆင်အသင်းက ၄ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အဆင့်(၇)၊ ဘိုင်ယန်မြူးနစ်အသင်းက ၄ ဒသမ ၂ ရာခိုင်နှုန်းဖြင့် အဆင့်(၈)၊ အေတီကိုအသင်းက ၃ဒသမ ၈ရာခိုင်နှုန်းဖြင့် အဆင့်(၉)၊ အေဗီလာအသင်းက ၁ ဒသမ ၂ ရာခိုင်နှုန်းဖြင့် အဆင့်(၁၀)တွင် ရပ်တည်လျက်ရှိသည်။

အဆိုပါ ခန့်မှန်းချက်တွင် အာဆင်နယ်အသင်း အနေဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ရောက်ရှိနိုင်ခြေ ၇၉ ရာခိုင်နှုန်းထိရှိပြီး အနည်းဆုံး ၁၆ ရှုံးထွက်အဆင့်မှ ကျော်ဖြတ်နိုင်မည် ဖြစ်ကာ ပီအက်စ်ဗွီအသင်း သို့မဟုတ် ဖီယင်နုအသင်းတို့နှင့်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် အင်္ဂလန်မှမန်စီးတီးအသင်းသည် Play-off အဆင့်တွင်ရှုံးနိမ့်ခဲ့သဖြင့် ၁၆သင်းအဆင့်သို့ လီဗာပူးအသင်း၊ အာဆင်နယ်အသင်းနှင့်အေဗီလာအသင်းတို့သာ တက်ရောက်နိုင်ခဲ့ပြီး လီဗာပူးအသင်းက ချန်ပီယံလိဂ်ဆုဖလားရရှိရန် ရေပန်းစားနေကြောင်း သိရသည်။

**Ref : Daily Mail**
**Trs : ML**

# ချန်ပီယံလိဂ်ပြိုင်ပွဲ(၁၆)သင်းရှုံးထွက်အဆင့်တွင် ရီးရဲလ်မက်ဒရစ်နှင့် အေတီကို၊ လီဗာပူးနှင့် ပီအက်စ်ဂျီအသင်းတို့ ထိပ်တိုက်တွေ့ဆုံ



**ဇူးရစ် ဖေဖော်ဝါရီ ၂၁**

ချန်ပီယံလိဂ်ပြိုင်ပွဲ(၁၆)သင်းရှုံးထွက်အဆင့်ပွဲစဉ်များအတွက် မဲခွဲမှုအပြီးတွင် လက်ရှိချန်ပီယံ ရီးရဲလ်မက်ဒရစ် အသင်းနှင့် အေတီကိုအသင်း၊ လီဗာပူးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ထိပ်တိုက် တွေ့ဆုံခဲ့ကြကြောင်း သိရသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲကို ယခုနှစ်တွင် ပုံစံအသစ်ဖြင့် ကျင်းပခဲ့ပြီး အုပ်စုပွဲစဉ်များအပြီးတွင် အဆင့်(၁)မှ အဆင့်(၈)နေရာတွင် ရပ်တည်ခဲ့သည့် လီဗာပူး၊ ဘာစီလိုနာ၊ အာဆင်နယ်၊ အင်တာမီလန်၊ အေတီကို၊ လေဗာကူဆင်၊ လိုင်လီ၊ အေဗီလာအသင်းတို့မှာ(၁၆)သင်းအဆင့်တိုက်ရိုက်တက်ရောက်ခဲ့ပြီး ဖီယင်နူ၊ ဘရုဂျက်၊ ဘိုင်ယန်မြူးနစ်၊ ဘင်ဖီကာ၊ ဒေါ့မွန်၊ ပီအက်စ်ဂျီ၊ ပီအက်စ်ဗွီနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့မှာ Play-offပွဲစဉ်ကစားပြီးမှ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆)သင်းရှုံးထွက်အဆင့် ပွဲစဉ်များအတွက် မဲခွဲမှုအပြီးတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အေတီကိုအသင်း၊ လီဗာပူးအသင်းနှင့် ပီအက်စ်ဂျီအသင်း၊ ဘိုင်ယန်မြူးနစ်အသင်းနှင့် လေဗာကူဆင်အသင်းတို့မှာ ပွဲကျပ်များ ကစားရမည်ဖြစ်ပြီး အခြားပွဲစဉ်များအဖြစ် ဘင်ဖီကာအသင်းနှင့် ဘာစီလိုနာအသင်း၊ ဒေါ့မွန်အသင်းနှင့် လိုင်လီအသင်း၊ ဘရုဂျက်အသင်းနှင့် အေဗီလာအသင်း၊ ဖီယင်နူအသင်းနှင့် အင်တာမီလန်အသင်း၊ ပီအက်စ်ဗွီအသင်းနှင့် အာဆင်နယ်အသင်းတို့ထိပ်တိုက်တွေ့ဆုံခဲ့ကြသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆)သင်းရှုံးထွက်အဆင့် ပွဲစဉ်များအဖြစ် ပထမအကျော့ပွဲစဉ်များကို လာမည့် မတ် ၄ ရက်နှင့် ၅ ရက်၊ ဒုတိယအကျော့ ပွဲစဉ်များကို မတ် ၁၁ရက်နှင့် ၁၂ ရက်တို့တွင်လည်းကောင်း အသီးသီး ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : ML**

# Honda LPGA Thailandဂေါက်သီးရိုက်ပြိုင်ပွဲအမှတ်ပေးဇယားကို အာကီအိုင်ဝေဦးဆောင်

**ချောင်ဘူရီ ဖေဖော်ဝါရီ ၂၁**

ထိုင်းနိုင်ငံ ချောင်ဘူရီမြို့တွင်ကျင်းပနေသည့် LPGA Tour ဖြစ်သည့် Honda LPGA Thailand ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ဂျပန်ဂေါက်သီးရိုက်မယ် အာကီအိုင်ဝေက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်ဂေါက်သီးရိုက်မယ် အိန်ဂျယ်ယင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး ထိုင်းဂေါက်သီးရိုက်မယ်များဖြစ်ကြသည့် အက်သာယာနှင့် ဂျူတာနူဂန်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဗိုလ်စွဲရန် ရေပန်းစားနေသည့် ပြိုင်ပွဲဝင်များဖြစ်ကြသည့် အိုင်ယာလန်ဂေါက်သီးရိုက်မယ် မက်ဂွဲယားနှင့် တောင်ကိုရီးယားဂေါက်သီးရိုက်မယ်ဂျင်ယန်းကိုတို့မှာ ဒုတိယနေ့ပြီးဆုံးသည်ထိ ပုံစံကောင်း ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း သိရသည်။

မက်ဂွဲယားသည် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ရေးအတွက် အဓိက ပစ်မှတ်ထားနေသော်လည်း အမှတ်ပေးဇယားအား ဦးဆောင်နေသူဖြင့် ရိုက်ချက် ၁၂ ချက်ထိ ကွာဟခဲ့ပြီဖြစ်သည့်အတွက် ချန်ပီယံအားစိန်ခေါ်နိုင်ရန် အခွင့်အရေးနည်းပါးခဲ့ပြီ ဖြစ်သည်။



အာကီအိုင်ဝေက “ဒုတိယနေ့မှာရိုက်ချက်တွေ ကျင်းစိမ်တာတွေကတော်တော်လေးကိုကောင်းခဲ့တယ်။ ဂေါက်ကွင်းအခြေအနေကိုလဲ သေသေချာချာ လေ့လာထားတဲ့အတွက်ကြောင့် ဘယ်လိုအနေအထားမျိုးနဲ့ရိုက်ပြီးဘယ်လိုယူဆရမလဲဆိုတာကို ကောင်းကောင်းသိနေခဲ့တယ်။ နောက်နေ့တွေမှာလဲ ပုံစံကောင်းကိုဆက်လက်ထိန်းသိမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်” ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)တွင် ဟံသာဝတီယူနိုက်တက်အသင်း အနိုင်ရရှိ



**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)အဖြစ် ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့်မြဝတီအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ဂိုးသွင်းခွင့်အချို့ရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများအဆုံးသတ်ပိုင်းလိုအပ်ချက်ရှိနေခဲ့သည့်အတွက် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းစလုံး ပိုမိုတိုက်စစ်မြှင့်ဖိအားပေးကစားခဲ့ကြပြီး ပွဲချိန် ၅၈ မိနစ်တွင် နိုင်ဇင်ထက်က မြဝတီအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူ ပေးနိုင်ခဲ့သော်လည်း လက်ကျန်ပွဲချိန်များတွင် ဟံသာဝတီယူနိုက်တက် အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည် တိုက်စစ်မြှင့်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၈၇ မိနစ်နှင့် မိနစ် ၉၀ တို့တွင် အောင်မြတ်သူက ဟံသာဝတီယူနိုက်တက် အသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုး သွင်းယူ ပေးနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ဟံသာဝတီယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ဟံသာဝတီယူနိုက်တက်အသင်းမှ အောင်မြတ်သူက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**STA**

# တိုက်စစ်မှူး လွတ်မန်း အတ္တလန်တာအသင်းမှ ထွက်ခွာရန်ဆုံးဖြတ်



**ရောမ ဖေဖော်ဝါရီ ၂၁**

အတ္တလန်တာအသင်းတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် လွတ်မန်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

လွတ်မန်းသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဘရုဂျက်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် အိမ်ကွင်း၌ သုံးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး အဆိုပါပွဲစဉ်တွင် ၎င်းအနေဖြင့် ပွဲချိန် ၄၆ မိနစ်တွင် အသင်းအတွက် ချေပဂိုး သွင်းယူနိုင်သော်လည်း ပွဲကစားချိန် ၆၁မိနစ်နှင့်ရရှိခဲ့သည့် ပင်နယ်တီကို ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိခဲ့သဖြင့် နည်းပြဂတ်စပါရီနီက ပြစ်တင်ဝေဖန်မှုများ ပြုလုပ်ခဲ့ပြီးနောက် နည်းပြနှင့် ဆက်ဆံရေးတင်းမာမှုများရှိလာခဲ့သောကြောင့် လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး လွတ်မန်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းအတွက် သွင်းဂိုး ၁၇ဂိုးနှင့် ဂိုးဖန်တီးမှု ကိုးကြိမ်ထိ ပြုလုပ်နိုင်ခဲ့ကာ အသင်းကို ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဟက်ထရစ်ဂိုး သွင်းယူပေးခဲ့ပြီး ဆုဖလား ရယူနိုင်ခဲ့သော်လည်း ယခုနှစ်တွင်လည်း အသင်းတိုက်စစ်ပိုင်းကိုဦးဆောင်၍ ပြိုင်ပွဲစုံတွင် သွင်းဂိုး ၁၅ ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်ထိပြုလုပ်နိုင်ခဲ့သည်။

သို့သော် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လွတ်မန်း၏ ပင်နယ်တီလွဲချော်မှုကို နည်းပြဖြစ်သူက ပြစ်တင်မှုများပြုလုပ်ခဲ့ပြီးနောက် ၎င်းအနေဖြင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားကာ လာမည့်နွေရာသီတွင် ဥရောပ ထိပ်သီးကလပ်အသင်းတစ်ခုခုသို့ ပြောင်းရွှေ့သွားမည်ဖြစ်ကြောင်းသတင်းထွက်ပေါ်လျက်ရှိသည်။

လက်ရှိတွင် နည်းပြဂတ်စပါရီနီနှင့်ကစားသမားတို့ကြား အခြေအနေတင်းမာမှုကို ကလပ်အသင်းတာဝန်ရှိသူများကညှိနှိုင်းမှုပြုလုပ်ပေးနေသော်လည်း တိုက်စစ်မှူး လွတ်မန်းက အသင်းပြောင်းရွှေ့ရန်သာ ဆုံးဖြတ်ထားကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံက IDEX 2025 ကာကွယ်ရေးပြပွဲတွင် ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်ကို မိတ်ဆက်ပြသခဲ့



ရုရှားနိုင်ငံသည် အာရပ်စော်ဘွားများပြည်ထောင်စု အဘူဒါဘီမြို့တော်တွင် ကျင်းပပြုလုပ်ခဲ့သော IDEX 2025 ကာကွယ်ရေးပြပွဲတွင် ဒရုန်းများနှင့် ရဟတ်ယာဉ်များမှ အဝေးထိန်းစနစ်ဖြင့် ပစ်လွှတ်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် X-UAV ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်ကို မိတ်ဆက်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ခေတ်သစ် စစ်ဆင်ရေးများတွင် ဥဇ္ဇက်ရည်တုနှင့် မောင်းသူမဲ့လေယာဉ်များ တိုးမြှင့်အသုံးပြုလျက်ရှိရာ ရုရှားနိုင်ငံ Tula Instrument Design Bureau (KBP) က တီထွင်ထုတ်လုပ်ထားသည့် X-UAV ဒုံးကျည်သည် ခေတ်မီစစ်လက်နက်များတွင် မဟာဗျူဟာမြောက် ပြောင်းလဲတိုးတက်လာမှု၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

Kh-BPLA ဟုလည်း ခေါ်ဝေါ်သုံးနှုန်းထားသည့် X-UAV ဒုံးကျည်ကို Orion နှင့် Forpost ဒရုန်းများ၊ Ka-52M တိုက်ခိုက်ရေး ရဟတ်ယာဉ်များအပါအဝင် ဝေဟင်ပလက်ဖောင်းအမျိုးမျိုးနှင့် တွဲဖက်အသုံးပြုနိုင်သည်။ ဝေဟင်ခြိမ်းခြောက်မှုများကို တိုက်ပွဲဝင်နိုင်မှုသည် ရုရှားနိုင်ငံထုတ် UAV/Drone များ၏ ခံစစ်နှင့် ထိုးစစ်စွမ်းရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ၎င်းဒုံးကျည်သည် မောင်းသူမဲ့စနစ်များတွင် ပေါင်းစပ်၍ အပေါ့စားသံချပ်ကာယာဉ်များ သို့မဟုတ် အကာအကွယ်မဲ့ မြေပြင်တပ်ဖွဲ့များအပြင် အနိမ့်ပျံ လေကြောင်းပစ်မှတ်များကိုပါ တိကျစွာ တိုက်ခိုက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဒုံးပြွန်၊ ကွန်တိန်နာမပါဘဲအလေးချိန် ၃၂ ကီလိုဂရမ်၊ ဖွဲ့စည်းပုံအပြည့် အလေးချိန် ၄၂ ကီလိုဂရမ်ရှိသော X-UAV ဒုံးကျည်သည် လေဆာလမ်းညွှန်ထိန်းကျောင်းရေးစနစ် အသုံးပြုထားပြီး စိန်ခေါ်မှုရှိသော စစ်မြေပြင် ပတ်ဝန်းကျင်အခြေအနေများတွင်ပင် တိကျစွာတိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်သည်။ ၎င်းသည် အကွာအဝေး နှစ်ကီလိုမီတာမှ ရှစ်ကီလိုမီတာ၊ အများဆုံးအမြင့် မီတာ ၄၀၀၀ အတွင်း တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ဤသွင်ပြင် လက္ခဏာများသည် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများအတွက် လေကြောင်းခြိမ်းခြောက်မှုများကို ကြားဖြတ်ဟန့်တားရန် သို့မဟုတ် မြေပြင်ပစ်မှတ်များကို လိုအပ်သလို တိုက်ပွဲဝင်နိုင်စေရန်အတွက် လိုက်လျောညီထွေဖြစ်စွာ အသုံးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ဒုံးကျည်တွင် ထိပ်ဖူးအမျိုးမျိုး ပြောင်းလဲတပ်ဆင်အသုံးပြုနိုင်ပြီး ၎င်းတွင် ဝေဟင်ပစ်မှတ်များအပေါ် အဖျက်စွမ်းအားပြင်းပြင်း တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် အလေးချိန် ခြောက်ကီလိုဂရမ်ရှိ ပေါက်ကွဲအားပြင်းသောထိပ်ဖူးများနှင့် အခိုင်အမာခြေကုပ်စခန်းများ၊ တပ်ရင်းတပ်ဖွဲ့များကို တိုက်ခိုက်နိုင်သည့် အလေးချိန် ၃ ဒသမ ၂ ကီလိုဂရမ်ရှိ Thermobaric ထိပ်ဖူးများ ပါဝင်သည်။ ပြောင်းလွယ်ပြင်လွယ်ရှိစွာ ဖွဲ့စည်း တည်ဆောက်ထားပုံစနစ်သည် လုပ်ငန်းလည်ပတ်မှု လိုအပ်ချက်များအပေါ်မူတည်၍ အကောင်းမွန်ဆုံး၊ အထိရောက်ဆုံးဖြစ်စေရန် တိုက်ခိုက်နိုင်စေမည်ဖြစ်သည်။

IDEX 2025 ကာကွယ်ရေးပြပွဲတွင် X-UAV ဒုံးကျည်ကို ထုတ်ဖော်ပြသခြင်းသည် နည်းပညာမြင့် အလိုအလျောက်တိုက်ပွဲဝင်နိုင်မှုစနစ်တို့ဖြင့် ခေတ်သစ်စစ်ရေးမဟာဗျူဟာများကို ဆက်လက်ပုံဖော်နေသည့် ပွဲထိန်းဒုံးကျည်များ၏ ဆင့်ကဲတိုးတက်ဖွံ့ဖြိုးလာမှုအပေါ် မီးမောင်းထိုးပြနေခြင်းဖြစ်ကြောင်း သိရသည်။

**Russia Enhances Drone Strike Capability With its X-UAV Air-to-Air Missile at IDEX 2025 ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်က အသေးစားမောင်းသူမဲ့လေယာဉ်စနစ်များကို တန်ပြန်နိုင်သောစနစ်တစ်ခုကို ထုတ်ဖော်ပြသ

အမေရိကန်နိုင်ငံ DZYNE Technologies ကုမ္ပဏီသည် ယူအေအီးနိုင်ငံရှိ နိုင်ငံတကာ ကာကွယ်ရေးညီလာခံတွင် ၎င်း၏ အလွယ်တကူ တပ်ဆင်အသုံးပြုနိုင်မည့် အသေးစားမောင်းသူမဲ့လေယာဉ်စနစ်များကို တန်ပြန်နိုင်သောစနစ် (C-sUAS) တစ်ခုကို ထုတ်ဖော်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Dronebuster ဟု အမည်ပေးထားသည့် Detect၊ Track၊ Identify၊ Mitigate (DTIM) ပက်ကေ့ဂျ်သည် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် ရန်သူ့မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို အချိန်နှင့်တစ်ပြေးညီ ကြိုတင်ထောက်လှမ်းနိုင်စေရန် တီထွင်ထုတ်လုပ်ထားသည့် သယ်ဆောင်ရလွယ်ကူသော အီလက်ထရွန်နစ်စစ်ဆင်ရေး တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေး စနစ်မျိုးဖြစ်သည်။

အလေးချိန် လေးကီလိုဂရမ် အောက်ရှိသော အဆိုပါ တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်တွင် Jamming Gun နှင့် နည်းဗျူဟာမြောက် LCD ပုံဖော်ပြမှုယူနစ်၊ အင်တင်နာနှင့် နားကြပ်ကဲ့သို့သော ရည်မှန်းချက်တာဝန်တစ်ရပ်အတွက် လိုအပ်သောပစ္စည်းကိရိယာများနှင့်အတူ ပြင်ပနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မည့် ပစ္စည်းများပါရှိသည့် ကျောပိုးအိတ်တစ်ခု ပါဝင်မည်ဖြစ်သည်။

အခြား ရှုပ်ထွေးများပြားသော ပစ္စည်းများ သို့မဟုတ် ထိရောက်မှုနည်းသော တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေး(C-sUAS) စနစ်များနှင့်မတူဘဲ Dronebuster DTIM တန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးစနစ်သည် မတူကွဲပြားသော ရည်မှန်းချက်တာဝန်များ ထမ်းဆောင်ရန် ပြိုင်ဘက်ကင်းစွမ်းဆောင်ရည်နှင့် ယုံကြည်စိတ်ချရမှုရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဤအလွယ်တကူ တပ်ဆင်အသုံးပြုနိုင်သော တစ်ကိုယ်ရေသုံးစနစ်သည် တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်များအတွက် ပေါ်ပေါက်လာသော ကမ္ဘာလုံးဆိုင်ရာလိုအပ်ချက်များ၊ အဆောက်အအုံနှင့် ယာဉ်တန်းကာကွယ်ရေး၊ အရေးကြီးထိပ်တန်းပုဂ္ဂိုလ်လုံခြုံရေးတို့အပြင် အရေးပါသော အခြေခံအဆောက်အအုံများ ဒရုန်းရန်ကာကွယ်ရေးအတွက် စနစ်ကောင်းတစ်ခုဖြစ်သည်။ အချိန်နှင့်တစ်ပြေးညီ ကြိုတင်သတိပေးနိုင်မှုနှင့်အတူ အချိန်တိုအတွင်း လျင်မြန်စွာ နည်းဗျူဟာမြောက် ဆုံးဖြတ်ချက်များချမှတ်နိုင်ရေးအတွက် ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်သည် အကွာအဝေး ခုနစ်ကီလိုမီတာမှ ဝင်ရောက်လာနိုင်သည့် ရန်သူ့ဒရုန်းများကို ပစ်မှတ်ထားတန်ပြန်နိုင်သည်ဟု ကယ်လီဖိုးနီးယားပြည်နယ်အခြေစိုက် DZYNE Technologies ကုမ္ပဏီက ဖော်ပြထားသည်။ တပ်ဖွဲ့ဝင်များ ချီတက်လှုပ်ရှားနေစဉ် Omnidirectional အင်တင်နာက ဒရုန်းများထံမှ အချက်ပြမှုများကို တိကျစွာ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အသုံးပြုထားသည့် တန်ပြန်ဒရုန်းနည်းပညာသည် သုံးစွဲသူများကို စစ်မြေပြင်အတွင်း အသုံးပြုလေ့ရှိသော ဒရုန်းများနှင့်ပတ်သက်သည့် အချက်အလက်များ စုဆောင်းသိမ်းဆည်းထားရှိသည့် Drone Library တစ်ခုကို Update စာရင်းပြုစုပေးထားနိုင်စေမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ Dronebuster DTIM တန်ပြန် ဒရုန်းရန်တိုက်ဖျက်ရေးစနစ်သည် C-sUAS နည်းပညာတွင် တိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်ဖြစ်ပြီး ထောက်လှမ်းခြင်းစနစ်တစ်ခုမျှသာမဟုတ်ဘဲ ခြိမ်းခြောက်မှုများကို အချိန်နှင့်တစ်ပြေးညီ ခြေဖျက်နိုင်စေရန် စွမ်းအားပြည့် ပေးစွမ်းနိုင်သောကြောင့် ဒရုန်းများ၏ ကြီးထွားနေသော အန္တရာယ်ကို ကြုံတွေ့နေရသည့် ခေတ်သစ်စစ်မြေပြင်အတွက် အာမခံချက်ကောင်းတစ်ရပ်လည်းဖြစ်ကြောင်း DZYNE Technologies ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Matthew McCue က ပြောကြားခဲ့သည်။

**DZYNE Launches Wearable Counter-Drone Kit ကို ဘာသာပြန်ဆိုထားပါသည်။**



**မင်းမျိုး**

ဘုန်းသန့်စင်

# ဂုဏ်ယူဝံ့ကြွား မြန်မာ့သနပ်ခါး

**မြတ်နိုးစရာ တို့ရိုးရာ**

"မြန်မာ" ဟု ဆိုလိုက်ပါလျှင် "ဖော်ရွေပျူငှာသော၊ ယဉ်ကျေးသိမ်မွေ့သော၊ ဧည့်ဝတ်ကျေပွန်သော၊ စိတ်သဘောထားကောင်းမွန်သော၊ တည်ကြည်ဖြောင့်မတ်သော၊ ရိုးသားသော၊ လိမ်လည်လှည့်ဖြားမှုကင်းစင်သော၊ ဘာသာတရားကိုင်းရှိုင်းသော" စသည့်ဂုဏ်ဒြပ်များနှင့် ပြည့်စုံသောသူများဟု ကမ္ဘာ့နိုင်ငံများက အသိအမှတ်ပြုကြသည်။ ရှေးယခင်ကတည်းက မြန်မာ့မြေပေါ်တွင် ဘိုးဘွားများ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် ရိုးရာယဉ်ကျေးမှုအစဉ်အလာကောင်းများတည်ရှိရာ ရပ်ဝန်းဖြစ်သဖြင့် အလွန်အေးချမ်းလှပြီး သာယာပျော်ရွှင်ဖွယ်ကောင်းလှသည်ဟု မြန်မာနိုင်ငံသို့ ရောက်ဖူးသူတိုင်း အသိအမှတ်ပြု ချီးမွမ်းကြရသည်။ အနောက်တိုင်းယဉ်ကျေးမှုများ မည်မျှပင်ထိုးဖောက်ဝင်ရောက်လာစေကာမူ ဝတ်စားဆင်ယင်မှုကအစပြု၍ သူမတူအောင် တစ်မူထူးခြားပြီး ကမ္ဘာလှည့်ခရီးသွားများအားကျအတုယူစရာ ယဉ်ကျေးမှုများသည် မြန်မာနိုင်ငံနေရာအနှံ့တွင် တည်တံ့နေသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်သည်။

သဘာဝသယံဇာတများ လွန်စွာပေါကြွယ်ဝပြီး ကမ္ဘာပေါ်ရှိ ရှားပါးသစ်ဥ၊ သစ်ဖုများ၊ ပရဆေးပင်များ ပေါက်ရောက်ရာ နေရာတစ်ခုဖြစ်သည့် မြန်မာနိုင်ငံတွင် ရှေးဘိုးဘွားအစဉ်အဆက်ကတည်းက တန်ဖိုးထားထိန်းသိမ်းလာခဲ့သည့် သစ်တောသယံဇာတများကလည်းများစွာရှိသည်။ ၎င်းသယံဇာတများအနက် သနပ်ခါးသည် လူသားများအတွက် လွန်စွာအသုံးတည့်ပြီး မြန်မာနိုင်ငံ၌ ပေါက်ရောက်ရှင်သန်သည်။ မြန်မာနိုင်ငံသို့ အလည်တစ်ခေါက်ရောက်ဖူးသူ နိုင်ငံခြားသားများကလည်း ထူးဆန်းအံ့ဩကာ စမ်းသပ်လိမ်းခြယ်ကြည့်မိကြသည့် အရာတစ်ခုပင်ဖြစ်သည်။ မြေ၌ပေါက်သောအပင်ကို မည်သည့်ဓာတုဆေးဝါးများဖြင့်မရောစပ်ဘဲ တိုက်ရိုက်သွေး၍ အသားအရေအေးမြကြည်လင်လှပစေရန် လိမ်းခြယ်နိုင်သည်ဆိုသည်မှာ ပညာရှင်များသည်ပင် မယုံနိုင်လောက်အောင် ထူးဆန်း၍နေသည်။ ဤကဲ့သို့ ထူးဆန်းလှသည့် မြန်မာ့သနပ်ခါးသည် ယနေ့ထက်တိုင် မြန်မာအမျိုးသမီးများ၏ မြတ်နိုးစရာပါးပြင်ထက်၌ လှပကြော့ရှင်းပြီး မွှေးရနံ့ထုံစွာ တည်ရှိနေလေသည်။

**နတ်ဆေးတစ်ပါး သနပ်ခါး**

"သနပ်ခါး" ၏ အဓိပ္ပာယ်ကို လေ့လာကြည့်သည့်အခါ "သနခါ" ဟူသော စကားမှဆင်းသက်လာသည်ဟုသိရသည်။ "သန" ဆိုသည်မှာ "မသန့်မရှင်းဖြစ်သည်၊ ယုတ်ညံ့သည်ဟု မှတ်ထင်ခံစားရသည်" ဟုအဓိပ္ပာယ်ရပြီး "ခါ" ဆိုသည်မှာ "လှုပ်ခါ၍ကင်းကွာစေသည်" ဟုအဓိပ္ပာယ်ရသဖြင့် "သနခါ" ဆိုသည်မှာ အညစ်အကြေးများ၊ အဆိုးအညံ့များ၊ ယုတ်ညံ့မှုများ ကင်းစင်စေသောအရာဟု အဓိပ္ပာယ်ရသည်။ ခေတ်ကာလ ရွေ့လျားလာသည့်အခါတွင် "သနခါ" ဟူသောအသုံးအနှုန်းမှသည် "သနပ်ခါး" ဟူသောအမည်သို့ ပြောင်းလဲလာခဲ့ခြင်းသာဖြစ်သည်။ သနပ်ခါးသည် ရှေးမြန်မာများလက်ထက်ကတည်းက မင်း၊ မိဖုရားကအစပြု၍ ယာတောသူ၊ လယ်တောသူများထိအသုံးပြုခဲ့သည့် အသားအရေစိုပြေဝင်းမွတ်စေမည့် ဆေးကောင်းတစ်လက်ပင်ဖြစ်သည်။

မြန်မာ့သနပ်ခါးသည် ယနေ့ခေတ် အသားအရေလှပစေရန် အသုံးပြုနေကြသည့် အလှကုန်ပစ္စည်းများတွင် ပါဝင်နိုင်ခြင်းမရှိသည့် ဂုဏ်သတ္တိထူးဖြစ်၍ သဘာဝနှင့်လိုက်လျောညီထွေဖြစ်ခြင်း၊ အဆိပ်အတောက်များကင်းစင်ခြင်း၊ ဓာတ်မတည့်မှုမဖြစ်ခြင်းများပါဝင်သည်။ "သနပ်ခါးသည်ပူ၏၊ သွေးကိုကြွစေတတ်၏။ ပူ၊ ခါး၊ ချုပ်၊ ပွင့်ဖြစ်၏၊ အရေပြားယားယံခြင်း၊ ဓာတ်မတည့်ခြင်းများအတွက် သနပ်ခါးကို ဆားနှင့်ရောသွေးပြီး လိမ်းကျံကြသည်။ ငန်းမန်းကိုနိုင်စေ၏။ အပူနာ၊ အအေးနာနှစ်မျိုးစလုံးနိုင်၏" ဟူသော မြန်မာ့ရိုးရာဆေးကျမ်းများအဆိုအရ သနပ်ခါး၏ ဆေးစွမ်းအာနိသင်သည် လွန်စွာထူးခြားသည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ အလွန်ပူပြင်းသည့်ရာသီဥတုတွင် သနပ်ခါးလိမ်းခြယ်ထားခြင်းဖြင့် အေးမြသည့် အရသာကိုခံစားရပြီး အပူဒဏ်ကြောင့် အသားအရေခြောက်သွေ့ခြင်း၊ နေလောင်ခြင်း စသည့်ဒဏ်များကို ကာကွယ်ပေးသည်။ အအေးပိုင်းဒေသများတွင် လိမ်းခြယ်မည်ဆိုလျှင် အသားပတ်ခြင်းကိုကာကွယ်ပေးသည်။ "နွေ၊ မိုး၊ ဆောင်း" ဥတုသုံးပါးစလုံးအတွက် အလွန်လိုက်ဖက်သည့် အလှပြင်ပစ္စည်းကို ရှာဖွေမည်ဆိုလျှင် သနပ်ခါးမှ



တစ်ပါး အခြားမရှိနိုင်ပေ။

သနပ်ခါးလိမ်းခြယ်၍ အပြင်ထွက်မည်ဆိုလျှင် နေလောင်ဒဏ်ကာကွယ်သည့် ခရင်များလိမ်းစရာမလိုပေ။ ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်တို့အတွက် ယခုခေတ်တွင် ခေတ်စားနေသည့် လေဆာကုထုံးကို အားကိုးစရာမလိုဘဲ သနပ်ခါးလိမ်းပေးခြင်းဖြင့် အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် ပျောက်ကင်းသွားနိုင်သည်။ သနပ်ခါး၏ထူးခြားမှုမှာ အသီး၊ အရွက်၊ အမြစ်၊ ပင်စည်၊ အကိုင်းအားလုံး ဆေးဖက်ဝင် အသုံးဝင်နေခြင်းဖြစ်သည်။ သနပ်ခါးကိုသွေး၍ သနပ်ခါးရည်ကိုရှူပေးခြင်းဖြင့် ခေါင်းကိုက်၊ ခေါင်းအုံ၊ ဇက်ကြောတက်၊ နှာခေါင်းပိတ် စသည့်ရောဂါများကို ပျောက်ကင်းစေနိုင်သည်ဟု သိရသည်။ အမျိုးသမီးများအတွက် မီးယပ်ရောဂါများအပါအဝင် အမျိုးသမီးရောဂါများ၊ အမျိုးသားများအတွက် ဆီးရောဂါအပါအဝင် အမျိုးသားရောဂါများ၊ ကလေးများအတွက် ကျောက်၊ ဝက်သက် စသည့်ကလေးရောဂါများသည်လည်း သနပ်ခါးသွေးရည်ကို သောက်ခြင်းဖြင့်ပျောက်ကင်းနိုင်သည်။ သနပ်ခါးဖြင့် ပျောက်ကင်းစေသည့်ရောဂါများကို လေ့လာမည်ဆိုလျှင် ဆေးကျမ်းတစ်စောင်ပင် ဖြစ်နိုင်လောက်သည်။ ထို့ကြောင့် နတ်ဆေးတစ်ပါးသနပ်ခါးဟု တင်စားလိုက်ရခြင်းဖြစ်သည်။

**သနပ်ခါးမြို့တော် အရာတော်**

မြန်မာနိုင်ငံ မိုးနည်းရပ်ဝန်းဒေသဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် ပေါက်ရောက်ဖြစ်ထွန်းရှင်သန်နေသည့် မြန်မာ့သနပ်ခါးသည် အပူပိုင်းဒေသများရှိ မြန်မာလူမျိုးများအတွက် ဘုရားပေးသော အလှအပရေးရာ လက်ဆောင်တစ်ခုဖြစ်သဖြင့် အပူပိုင်းဒေသ၏ ရတနာတစ်ပါးဟုပင် တင်စားကြရသည်။ မြန်မာနိုင်ငံတွင် သနပ်ခါးလိမ်းခြယ်အသုံးပြုကြသည့်ဓလေ့သည် အေဒီ ၅ ရာစုမှ ၉ ရာစုအတွင်း စတင်ထွန်းကားခဲ့သည်ဟု သိရသည်။ သနပ်ခါးပင်သည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်း မိုးနည်းရပ်ဝန်းဒေသများတွင် အလေ့ကျပေါက်ရောက်ခဲ့သည့် အပင်များဖြစ်ပြီး သဘာဝအတိုင်းကိုပင် ဆေးဖက်ဝင်ဂုဏ်သတ္တိများ များပြားပြီး အသုံးပြုသူများအတွက် အသားအရေစိုပြေဝင်းမွတ်ခြင်း၊ ဝက်ခြံ၊ တင်းတိပ်များ ကင်းစင်စေခြင်း၊ သင်းပျံ့သောမွှေးရနံ့ကိုရရှိစေခြင်းစသော အကျိုးကျေးဇူးများရရှိသဖြင့် အသုံးပြုသူများ ပိုမိုများပြားလာခဲ့သည်။ မြန်မာ့သနပ်ခါးကို ၁၉၄၅ – ၁၉၄၆ ခုနှစ်ဝန်းကျင်မှစ၍ တောင်သူများသည် လှေများဖြင့် မြန်မာပြည်၏ အောက်ပိုင်းဒေသများသို့ သွားရောက် ရောင်းချကြခြင်းမှအစပြု၍ အလေ့ကျပေါက်နေသော သနပ်ခါးများကို ရောင်းဝယ်ဖောက်ကားမှုများ ပိုမိုတွင်ကျယ်လာခဲ့သည်ဟု လေ့လာသိရှိရသည်။

မြန်မာ့သနပ်ခါးကို အလှအပအတွက် ပါးပြင်ပေါ်တွင် လိမ်းခြယ်ကြသူများအပြင် မြန်မာ့တိုင်းရင်းဆေးများတွင် ထည့်သွင်းအသုံးပြုလာခြင်း၊ အလှကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ထည့်သွင်းအသုံးပြုလာခြင်းစသည့် ဈေးကွက်ဝယ်လိုအား များပြားလာခြင်းတို့ကြောင့် ၁၉၈၀– ၁၉၈၁ ခုနှစ် ဝန်းကျင်ခန့်မှ အစပြု၍ တောင်သူများက အလေ့ကျပေါက်သည့် သနပ်ခါးပင်များကို မျိုးကူးစိုက်ပျိုးခြင်းများ ပြုလုပ်လာခဲ့သည်။ အရာတော်၊ ရွှေဘို၊ ကန့်ဘလူ၊ မုံရွာ၊ မြင်းမူ၊ ဘုတလင်၊ ကနီ၊ ယင်းမာပင်၊ ပခုက္ကူ၊ မြိုင်၊ ရေစကြို၊ ပေါက်မြို့နယ်တို့သည် သနပ်ခါးအများဆုံးစိုက်ပျိုးရာ ဒေသများဖြစ်သည်ဟု သိရသည်။ မြန်မာနိုင်ငံတွင် သနပ်ခါးအများဆုံးစိုက်ပျိုးသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့ကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၄ရက်က "သနပ်ခါးမြို့တော်အရာတော်" အဖြစ် သတ်မှတ်ခဲ့သည်။

**မြန်မာ့သနပ်ခါးနေ့**

မြန်မာ့ယဉ်ကျေးမှု အစဉ်အလာများနှင့်အတူ ထာဝရတည်ရှိနေသည့် မြန်မာ့ရိုးရာသနပ်ခါးအသုံးပြုမှုအလေ့အထများ တိမ်ကောပျောက်ကွယ်သွားမှုမရှိစေရန်၊ သနပ်ခါးစိုက်ပျိုးထုတ်လုပ်မှုများ လျော့နည်းကျဆင်းသွားမှုမရှိစေရန်နှင့် မြန်မာ့ရိုးရာသနပ်ခါးကို ပြည်ပဈေးကွက်သို့ ပိုမိုကျယ်ပြန့်စွာ တင်ပို့ရောင်းချနိုင်ရန်အတွက် သနပ်ခါးမြို့တော် အရာတော်၌ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၀ရက်တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံး သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို ဖွဲ့စည်းခဲ့သည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် "မြန်မာနိုင်ငံသနပ်ခါးအသင်း" အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး မြန်မာအမျိုးသမီးများ သနပ်ခါးကိုချစ်မြတ်နိုးတန်ဖိုးထားသည့် အလေ့အထများ တိမ်ကောသွားမှုမရှိစေရန်အတွက် သနပ်ခါးပွဲတော်နှင့် သနပ်ခါးလှပျိုမေပြိုင်ပွဲ စသည့်ပွဲတော်များကို ဆောင်ရွက်ခဲ့သည်။

မြန်မာ့ ၁၂လရာသီတွင် တပို့တွဲလသည် အအေးဓာတ်လွန်ကဲသည့် လဖြစ်သဖြင့် မြတ်စွာဘုရားရှင် အနွေးဓာတ်ရရှိစေရေး လက်တော်ကင်ရန်အတွက် ရည်မှန်းပြီး မီးဖုန်းပွဲ(မီးပုံပွဲ)ကို ကျင်းပလေ့ရှိကြသည်။ အညာဒေသ ဆောင်းရာသီ၌ သက်ရှိထင်ရှား မြတ်စွာဘုရားရှင်ကိုရည်မှန်းပြီး အနွေးဓာတ်ရရှိစေရန် မီးပုံပွဲပြုလုပ်၍ အနွေးဓာတ်ပူဇော်ကြရာတွင် နံ့သာဖြူ၊ နံ့သာနီ၊ ကရမက် စသည်တို့နှင့်အတူ မြန်မာ့ရိုးရာသနပ်ခါးကိုပါ မီးပုံအတွင်း ထည့်သွင်းပူဇော်လေ့ ရှိကြသည်။

ဤကဲ့သို့ တန်ဖိုးမဖြတ်နိုင်သည့် ဘာသာယဉ်ကျေးမှုအစဉ်အလာနှင့် အတူယှဉ်တွဲတည်ရှိလာသည့်မြန်မာ့သနပ်ခါးကို ဘုရားရှင်အား အနွေးဓာတ်ပူဇော်သည့် တပို့တွဲလပြည့်နေ့ကို "မြန်မာ့သနပ်ခါးနေ့"အဖြစ် မြန်မာနိုင်ငံသနပ်ခါးအသင်းကြီးက ကြီးမှူးသတ်မှတ်ပေးခဲ့သည်။ မြန်မာ့သနပ်ခါးနေ့တွင်မြန်မာ့သနပ်ခါးကိုမြတ်နိုးတန်ဖိုးထားထိန်းသိမ်းတတ်သည့် မြန်မာ့ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းနိုင်စေရန် သနပ်ခါးလှပျိုမေပြိုင်ပွဲကျင်းပခြင်း၊ ဈေးရောင်းပွဲတော်များကျင်းပခြင်း၊ သနပ်ခါးနေ့အခမ်းအနားကျင်းပခြင်း၊ သနပ်ခါးဆိုင်ရာ သိကောင်းစရာများဟောပြောဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ တန်ခိုးကြီးဘုရားများတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများလိမ်းကျံရန်အတွက် ဆေးသနပ်ခါးကျောက်ပျဉ်များထားရှိခြင်းနှင့် သနပ်ခါးဈေးရောင်းပွဲတော်များကျင်းပခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ယခုအခါတွင် မြန်မာ့သနပ်ခါးကို ယူနက်စကို (UNESCO) ၏ Representative List of the Intangible Cultural Heritage of Humanity သို့ အမည်စာရင်းတင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ မြန်မာတစ်မျိုးသားလုံးက ယူနက်စကို ကို အမည်စာရင်းတင်သွင်းနိုင်ရေး အားရတက်ကြွစွာဖြင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပြီး အစိုးရဝန်ကြီးဌာနအဖွဲ့အစည်းများက နိုင်ငံ့ဝန်ထမ်းသမီးပျိုများသည်ပင် သနပ်ခါးလိမ်းခြယ်သ၍ မြန်မာ့သနပ်ခါး၏ အလှနှင့် ဂုဏ်ဒြပ်ကို ထုတ်ဖော်ပြသမှုများပြုလုပ်နေကြသည်။ ကမ္ဘာပေါ်တွင် မြန်မာတစ်နိုင်ငံတည်းသာ အစဉ်တစိုက်သုံးစွဲလာခဲ့ပြီး ဆေးဖက်ဝင်အပင်ဖြစ်သည့် မြန်မာ့သနပ်ခါးနှင့် မြန်မာ့သနပ်ခါးလိမ်းခြယ်သမှုသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများကသာမက ကမ္ဘာသူ၊ ကမ္ဘာသားများကပင် ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရမည့် လူသားမျိုးနွယ် ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်လာတော့မည်ဖြစ်ပါကြောင်း မြန်မာ့သနပ်ခါးအကြောင်းကို ဂုဏ်ယူဝံ့ကြွားစွာ တင်ပြလိုက်ရပါသည်။

**ကိုးကား**

**– နေ့စဉ်ထုတ်သတင်းစာများ။**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray SithuThadoe Thiri Thudhamma Min Aung Hlaing delivers address at Passing out Parade of Thura Company of 128th Intake of Officers Training Course of Defence Services (Army) Officers Training School (Bahtoo)


Senior General Min Aung Hlaing inspects cadet companies.

**Nay Pyi Taw February 21**

Passing out Parade of the Thura Company of the 128th Intake of Officers Training Course of Defence Services (Army) Officers Training School (Bahtoo) was held at the parade ground of the OTS in Fort Bahtoo this morning. Chairman of State Administration Council Commander-in-Chief of DefenceServices Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing delivered an address at the ceremony.

Also present on the occasion together with the Senior General were Commander-in-Chief (Navy) Admiral Zeya Kyawhtin Htein Win, Commander-in-Chief (Air) General Zeya Kyawhtin Sithu Tun Aung, senior military officers from Office of Commander-in-Chief, union level dignitaries, the Shan State chief minister, commanders of Eastern Command, Eastern Central Command and Triangle Region Command, the OTS commandant, officials of Bahtoo Station, parents and relatives of cadets, and invited guests.

At the ceremony, the Senior General took the salute of the cadet companies, and then inspected the cadet companies. The cadet companies saluted the Senior General in slow march-past and quick march-past.

Afterwards, the Senior General presented a silver sword to Cadet No. 74 Cadet Thet Naing Soe from the 128th Intake who won the Best Cadet Award.

In his address, the Senior General expressed pleasure and honour for the cadets who passed the subjects on military science, military commanding, leadership, staff, adjutant and quartermaster conducted at OTS for the emergence of qualified officers in Tatmadaw (Army) and skillfully command an infantry platoon at the battle field.

The Tatmadaw placed in the fore the interest of the nation and people and is always loyal to the country and people and dutiful in national defence, while warding off all the possible harms towards Our Thee Main National Causes – non-disintegration of Union, non-disintegration of national solidarity and perpetuation of sovereignty -- with strong patriotism, love for the country, correct stand, national conviction. Cadets must have knowledge of the honorable historical traditions of Tatmadaw formed with children of the people, based on patriotism and noble spirit.

Cadets, who are going to serve as the junior leaders in the Tatmadaw, should have the ability to instill the three capabilities in the troops under their commander. They must be able to face and overcome all hardships and lead the units to work in harmony and unison. They must try to become models and precisely follow the orders and directives.

As they had already learnt military leadership science including military tactics during the course, they must act and live in accordance with the 16 points of military leadership. Leadership is not just an inherent ability. It is a science that can be learned and practised through perfect means and hard work. It is also the ability to organize the subordinates to accomplish a mission. They will be able to make correct decisions only through constant studies on the skills a leader should know. Here each and every person must make efforts to reach the goal.

Since it was founded, the foundation of Tatmadw was laid with discipline and morale. Discipline is the lifeblood of the Tatmadaw. Tatmadaw members are born of the people, and they joined the military of their own accord. So, they must abide by the military laws and disciplines set by the Tatmadaw and also the civilian laws and rules.

To effectively fulfill national defence duties, individuals must maintain good health, physical strength, and continuous combat readiness. Adhering to the directives issued by Tatmadaw, including those from staff, adjutants, and quartermasters, cadets must also undergo training to enhance personal discipline and professional development.

In particular, in accordance with the motto "Study, Practice, and Follow," it is essential to continuously learn to adapt to the evolving advancements in military equipment and skills. Regular daily practice is also necessary to maintain health and physical fitness appropriate for one's age. Training is the process of developing both strength and skill. Just as strength is essential for maintaining a soldier's physical and mental well-being, skill is developed through training to ensure proficiency in weapons and mastery of military techniques. Only through such expertise can confidence be built, and with confidence comes the courage to overcome any challenges faced. Therefore, it is crucial to follow this process diligently.


Our military personnel are dedicated to upholding Our Three Main National Causes and bear the primary responsibility for safeguarding the nation's sovereignty and defending the country. Furthermore, in the event of an incident that threatens Our Three Main National Causes, the military stands as the strongest force, protecting the country and its people with a spirit of self-sacrifice and a willingness to give up one's own life.

At present, Tatmadaw is fulfilling the state's responsibilities in accordance with the 2008 Constitution, striving to firmly follow the path of a genuine, disciplined multi-party democracy as desired by the people, while working towards the establishment of a Union based on democracy and federalism.

Currently, some ethnic armed groups, which refuse to abandon the armed path, are collaborating with groups labeled as terrorists, including the NUG, CRPH, and PDF. These groups are employing unlawful armed violence, using political motives to instill fear among the people and expand the areas under their control. Such violent and armed methods have led to instability in certain areas, adversely affecting the socio-economic conditions and lives of local communities. The insurgents, who have chosen a path of violence and armed conflict, are focused on gaining control over their own territories instead of seeking lasting peace and contributing to the Union’s progress toward a multi-party democracy. In particular, the terrorists are threatening and coercing people, including civil servants, who seek to live in peace and harmony. They are intensifying their attacks nationwide, causing significant harm to the lives, homes, property of people, and public infrastructure. As a result, innocent individuals who desire peace are deeply repulsed by the terrorist insurgents who attempt to resolve political issues through violence and armed conflict.

*See Page 12*

# Graduation dinner of Thura company of 128th intake of Tatmadaw (Army) Officers Training School (Bahtoo) held



Senior General Min Aung Hlaing attends the graduation dinner of Thura company of 128th intake of Tatmadaw (Army) Officers Training School (Bahtoo).

**Nay Pyi Taw February 21**

The graduation dinner of Thura company of the 128th intake of the Tatmadaw (Army) Officers Training School (Bahtoo) was held at the military appointments general office hall of the training school in Bahtoo this evening, attended by Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Also present together with the Senior General at the dinner were Commander-in-Chief (Navy) Admiral Htein Win, Commander-in-Chief (Air) General Tun Aung, senior officers from the Office of the Commander-in-Chief of Defence Services, union-level officials, the chief minister of Shan State, the commanders of the Eastern Command, the Eastern Central Command and the Triangle Region Command, the commandant of the Tatmadaw Officers Training School (Bahtoo), officers from the Bahtoo Station, parents and relatives of graduating cadets and guests.

First, the Senior General cordially greeted the graduating cadets one by one. Then, the Senior General and party enjoyed the dinner together with graduating cadets and attendees.

Then, the Senior General and party viewed the honorary performance of the military band of the training school and presented cash rewards.

Afterward, the Senior General and party enjoyed the music performed by the mobile public relations team of the Directorate of Public Relations and Psychological Warfare together with graduating officers. 100

---

*From Page 11*

Tatmadaw is a people's armed forces, born from the people, and is a part of the state. The utmost effort must be made to protect the lives and property of the people and safeguard the state. The entire public, seeking peace and stability, supports the just war being waged by Tatmadaw. It is crucial for the people, the government, and Tatmadaw, united in spirit, to eradicate insurgents and combat terrorism. The only people capable of bringing stability and development to a region, or of causing the delay of stability and development, are the locals and local insurgents living in that region. Tatmadaw must continue to wage a just war in cooperation with local communities seeking stability and peace, in response to the unlawful actions of armed insurgent groups and their attempts to battle for territorial expansion.

Therefore, upon arriving at each battalion or unit to which assigned, it must be ensured that there is no abuse towards the public using armed violence in area of assignment. I urge cooperation with the public in carrying out security and operational duties, and service to the state and the military with courage and determination. In addition, we must take all necessary measures to ensure that free and fair elections are successfully conducted and that those with the right to vote do not lose that right.

Unity is essential for the success of an organization. The military personnel must firmly build unity within the army based on their love for their country and patriotism. In doing so, they must build in accordance with the four major army-building projects: training, administration, welfare, and morale. Every soldier must forever cultivate the spirit of comradeship, which is the love, bond, and loyalty that must be shown to each other. In addition, they must strictly follow the soldier's ethics and organize family members to live in unity with mutual respect and consideration like brothers and sisters and like a family. Only by doing so can strong unity within the army be built.

With the rapid advancement of information technology and communication networks, opposing individuals and organizations have increasingly used social media to politically discredit the Tatmadaw, erode public trust, and spread misinformation. Such attacks and baseless claims not only impact the Tatmadaw but also threaten national unity. To safeguard the nation, all citizens, including military personnel, must think critically and act wisely. A weakened bond between the Tatmadaw and the people can compromise national defense efforts. Therefore, it is essential to prioritize outreach and engagement beyond the military. We urge military personnel to actively participate in public welfare initiatives within their assigned areas, embracing the spirit of "The people are the mother and father of the soldiers" in their community efforts.

After completing the training, we should maintain our conscience and live as good officers in carrying out their duties. We must continue to read and study literature that will benefit us. If we continue to study, it will help us to perform our duties well. We need to use and share what we have read. We must strengthen our knowledge through reading, remembering, discussing, and using. I would like to ask you to strive to become good officers who can be relied upon by the state and the Tatmadaw.

We must continue to preserve the good past and historical traditions that Tatmadaw has stood tall and defended for the state through successive governments and generations. We must practice and live in accordance with the 16 leadership characteristics to become good leaders and continuously study and learn the knowledge and skills that a leader should know. Since discipline is the soul of the Tatmadaw, we must strictly follow the military laws and regulations as well as the laws and regulations of the Tatmadaw. The Senior General urged the military personnel to regularly carry out exercises that are appropriate for their age and fitness level to ensure they are always fit for combat, and to strive to become "future military leaders" who will protect and uphold the three main national causes of the Tatmadaw.

Then, the Senior General left the parade after taking the salute from the cadet companies.

After the parade, the Senior General met the outstanding cadets, including Cadet Thet Naing Soe, who received the Best Cadet Award, Cadet Nay Thway, who received the Excellent Award in Training, Cadet Aung Lwin Htay, who received the Best Shooting Award, and Cadet San Zaw Oo, who received the Best Fitness Award, and their parents and relatives, and delivered a congratulatory speech.

In his congratulatory speech, the Senior General expressed his pride and joy at receiving such awards, and said that the continuous efforts and good principles of self-control during the training period should be maintained throughout life. Throughout the journey of life, the good principles taught by parents and teachers, the ability to work hard to improve oneself, self-control, and good discipline that one has gained from this training, must be maintained and continuously strived for.

The Senior General said they should not forget the gratitude of their parents and teachers who have nurtured and taught them from childhood until now, and strive to become good military officers who are the pride of their families and the trust of the state and the military. They should continue to maintain the good foundations they already have, improve their lives, and continue to strive to achieve their goals. They should continue to study and acquire knowledge and skills that will help them improve their lives, and continue to strive to become people who are trusted by the state and the military and who are reliable to their subordinates.

100

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing meets officer trainees from Tatmadaw (Army) Combat Forces School (Bahtoo)

## Tatmadaw members must serve assigned duties with full capability and determination successfully, having mental and physical health and strength as well as industry, enthusiasm, and full vitality



Senior General Min Aung Hlaing meets officer trainees from Tatmadaw (Army) Combat Forces School (Bahtoo).

**Nay Pyi Taw February 21**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing met with officer trainees of Tatmadaw (Army) Combat Forces School (Bahtoo) of Eastern Command at Aung San Hall of the school this afternoon.

Also present at the meeting were Commander-in-Chief (Navy) Admiral Htein Win, Commander-in-Chief (Air) General Tun Aung, senior Tatmadaw officers from the Office of the Commander-in-Chief, commanders of Eastern Command, Eastern Central Command and Triangle Region Command, officials from Bahtoo station, instructors and officer trainees from Tatmadaw (Army) Combat Forces School (Bahtoo).

**Political changes of the State in successive eras and serving national cause of the Tatmadaw**

Speaking at the meeting, the Senior General delivered a speech. He explained political changes of the State, constantly serving non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty by the Tatmadaw in successive eras to ensure security measures and perpetuity of sovereignty of the State due to geographical conditions, leadership of the Tatmadaw to pave the multiparty democracy the entire people aspire to, realization of the multiparty democracy from 2011, dutifully serving of the Tatmadaw in two terms of democratic governments with necessary advice, voting frauds in the 2020 multiparty democratic general election, attempts of grasping the State power by convening Hluttaw without solving the voting frauds, declaration of the State of Emergency for the country and serving State responsibilities of the State by the Tatmadaw in accordance with the Constitution (2008).

**Holding a free and fair and prestigious election**

The Senior General continued that the State Administration Council is currently preparing the necessary steps, including conducting a population and household registration survey, to facilitate the ultimate goal of holding a free, fair multiparty democracy general election. Since the government assumed responsibility due to voting frauds, it is essential that the government must organize a free, fair and credible multiparty democracy general election, and the government is strivingto ensure this. To successfully organize a multiparty democratic general election, it is necessary to achieve greater national security, stability, and peace. Thus, the government is actively working on security, peace and stability efforts.

**All must dutifully serve assigned duties with good morale**

Regarding the Tatmadaw, Tatmadaw members have joined the Tatmadaw with noble spirits, without any external pressure or coercion, to fulfill the nation's defence and security duties. They must continue to uphold these fundamental virtuous attitudes and proudly carry out the duties assigned by the State and the Tatmadaw. In performing these duties, they should be mindful and focused, ensuring that they are mentally and physically strong, with full energy, courage, and willpower to accomplish their responsibilities. Officer trainees have to study military tactics and basic principles in such training programmes so that they can truly understand and apply them effectively in real combat situations. With strong determination and mental resilience, tasks can be accomplished with full success. Each individual should maintain strong determination and confidence, ensuring that they carry out national defence duties with commitment and conviction. Each officer trainee will have personal goals, and it is essential to pursue these goals with unyielding determination and perseverance to ensure success. In this era of technological advancement, it is crucial to continuously update knowledge of emerging technologies and evolving military strategies. It is necessary to engage in ongoing learning and collaboration to stay informed. With a resilient mindset, one should remain focused and dedicated to achieving personal and collective objectives.

**Ensuring good leadership**

Regarding leadership, it is essential to develop 16 key leadership traits and continuously reflect on oneself to strive toward becoming an effective leader. Effective leadership can only be achieved through careful thought and knowledge. It is also crucial to think critically and lead effectively, ensuring the success of the tasks and activities within the organization being led. Given that the responsibilities of leaders are extensive, they must operate with discipline and continuously learn. Leaders must guide and lead their team or subordinates toward an improved social and economic life, ensuring they follow the right path. To do so, it is necessary for leaders to constantly read and study the required knowledge to stay informed. In addition, it is important to encourage the growth of knowledge and skills through regular reading and learning. Only with the proper knowledge and skills will leaders be able to perform their tasks effectively, and may their leadership value be strengthened through this knowledge and expertise.

**Training measures**

The components of military building, such as training, administration, morale-building, and mindset, are all interconnected. Regarding training, carrying out the tasks and responsibilities required on a daily basis with diligence is essentially part of the training process. Each soldier must correctly apply the fundamental military skills taught to them, as well as handle their weapons and tools effectively and efficiently. It is essential that training activities continue without interruption in order to maintain and enhance the soldiers' abilities. Regular, weekly, and monthly physical fitness exercises should be conducted according to individual and team requirements, and must be managed effectively to ensure they are done properly. In terms of training, a good soldier must continuously improve themselves and their unit by living and practicing in a disciplined and skilled manner, thereby enhancing their overall quality.

**Administration**


It is necessary to have a fair administrative system. If each soldier maintains proper discipline and can effectively carry out supporting tasks for logistic measures, the morale and mental strength will also improve. Therefore, it is important to prioritize and adhere to good administrative practices. Supervisors should maintain good relationships and treat their subordinates, soldiers, with a sense of leadership and care, like that of a parent, and manage with a genuine, compassionate spirit. By understanding the personality of each soldier and assigning them to the appropriate roles based on their character, it will be possible to lead and successfully manage tasks.

**Welfare**

Regarding welfare, it was stated that the Tatmadaw has been providing support to ensure welfare,

*See Page 14*

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects local agriculture battalion and local military hospital in Bahtoo Station


Senior General Min Aung Hlaing comforts a patient.

**Nay Pyi Taw February 21**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by members of the entourage and the Eastern Command commander and officials, inspected farming activities at the local agriculture battalion in Bahtoo Station area and visited the local military hospital this morning.

At the meeting hall of local agriculture battalion, the Senior General heard a report on ongoing agricultural undertakings, supply of agriculture products for welfare activities, and progress in implementing the directives given by the Senior General during his inspection of the battalion in 2019, presented by the commanding officer.

In response, the Senior General said increase in yield must be prioritized in growing crops. The realization of Pandine target calls for quality seeds, fertile soil, water and correct methods. Solar power system will be arranged for irrigation of crops. Sunflower yield must be raised to help fulfil local demand. Output of other crops must also be promoted to reach the respective targets. The battalion must strive to stand as a model in agriculture undertakings. Civil servants and local people are thankful as the agriculture battalion is distributing farm products at fair prices, apart from conducting welfare undertakings. Hence, it must strive for achieving greater success.

Subsequently, the Senior General, along with entourage members, visited the model agricultural and livestock zone. They inspected the groundwater irrigation facility, the rearing of layers in an air-conditioned, climate-controlled building, and records of the implementation of the model agricultural and livestock zone's objectives and responsibilities. They also observed the production and use of natural compost rich in nutrients, made from raw materials such as donkey and horse manure from the livestock farm, as well as chicken, pig, and cow manure from the model zone, combined with other agricultural waste. Additionally, they reviewed the extraction and production of oil from sunflower seeds produced in the agricultural zone, the production of natural fertilizers, and the cultivation of high-quality, purebred seeds of crops such as pumpkin, gourd, pole beans, chili peppers, drumsticks, mustard greens, and eggplant. These seeds are produced in stages and distributed at affordable prices to military units, battalions, and external buyers. They also examined a demonstration plot for sunflower seed production, as well as the successful cultivation of vegetables in greenhouses and agricultural gardens within the zone. With keen interest, they conducted a thorough inspection and provided necessary guidance based on the reports from responsible personnel.

Thereafter, the Senior General and party toured and inspected the rearing of dairy cattle using insemation technology and the breeding of high-quality DYL pigs. They provided necessary instructions based on the detailed briefings from the relevant authorities.

Continuing their visit, the Senior General and party arrived at the local military hospital in Ba Htoo military town. They met individually with officers and soldiers who had been injured while performing national defence and security duties, inquiring warmly about the nature of their injuries and their recovery progress. They offered words of encouragement and addressed the needs raised by the officers and soldiers, ensuring that necessary support was provided.

Following this, the Senior General and party presented honorary cash awards and gift items to the officers and soldiers receiving treatment at the hospital.

Afterward, the Senior General conducted a tour and inspection of the hospital premises. He inquired about any requirements, ensured that necessary requirements were met, and presented honorary cash awards to the hospital staff in recognition of their service.

100


Senior General Min Aung Hlaing inspects dairy products.


Senior General Min Aung Hlaing inspects a vegetable farm.

*From Page 13*

and individuals can also contribute to their own welfare by living with discipline and self-control. The Tatmadaw has already granted appropriate rights and privileges according to the ranks of all soldiers, and those in command and administrative roles must ensure that all soldiers receive what they are rightfully entitled to—fairly, correctly, and fully. They are also required to address the personal difficulties and challenges faced by soldiers to the best of their ability. Soldiers, on an individual level, are urged to exercise self-awareness and restraint by avoiding excessive drinking, entertainment, and consumption that could harm their well-being. By balancing their income and expenses, individuals can create their own welfare. It was further explained that the purpose of successfully implementing military-owned and small-scale farming and livestock projects is not primarily for profit, but to ensure that all Tatmadaw family members have access to meat, fish, various eggs, and vegetables at affordable prices and in sufficient quantities. Therefore, efforts should be made to successfully carry out farming and livestock activities suited to local conditions, thereby enhancing the welfare of officers, soldiers, and their families.

**Morale**

It was emphasized that soldiers and officers need to cultivate strong and positive morale, which should be fostered through good leadership. Only when leaders at all levels exhibit strong morale and discipline can individual soldiers develop the same qualities, leading to units with excellent combat capability and strength. Understanding the basic mindset and attitudes of each soldier is essential to assign them to the right roles and responsibilities, while also addressing their weaknesses and needs to improve them. Unit commanders, who closely supervise soldiers, must carefully guide and correct them to ensure disciplined living, movement, and consumption, while ensuring that daily tasks and *See Page 15*

# 300 more Chinese national involved in telecom frauds, criminal activities fransferred



On February 21, 300 Chinese nationals who entered illegally were handed over and repatriated.



Among the Chinese nationals who entered illegally, 300 individuals were handed over and repatriated on February 21.

**Nay Pyi Taw February 21**

The government has been uncovering all those who are involved in online scams and gambling resolutely in co-operation with international organizations including from neighbouring countries, especially through trilateral cooperation among Myanmar, China and Thailand, consistently and taking action against them. Moreover, it has been transferring the illegal foreign migrants to relevant countries properly.

In doing so, 300 Chinese nationals who were involved in online gambling and cams and criminal activities in Shwe Kokko and KK Park in Myawady, Kayin State by illegally entering Myanmar through border routes were transferred to the relevant country on humanitarian grounds and out of friendship between the two countries today via No.2 Myanmar-Thai Friendship in accordance with laws, rules and regulations of the relevant country.

The repatriation event was attended by Deputy Police Chief of the Myanmar Police Force of the Ministry of Home Affairs Police Maj-Gen Tin Ko Ko, Deputy Chief of No.3 Immigration Department in Tak Province Police Col Ploen Klinpayom and responsible officials from Myanmar handed over deportation and repatriation documents to the responsible officials from China.

According to confessions of Chinese nationals repatriated today, most of them entered illegally Myanmar through border regions and using transits as some neighbouring countries and were forced to work for online scams and gambling in KK Park in Myawady.

The government has been uncovering those who are involved in online scam centres and those who control them behind the scene and taking effective action against them seriously. Moreover, it is also cooperating actively with relevant countries to repatriate foreigners who are getting into trouble for various reasons and who are victims of human trafficking as soon as possible.

100

# 222 more illegal foreign migrants to Myanmar detained



An additional 222 Chinese nationals who entered illegally have been detained.

**Nay Pyi Taw February 21**

As crackdowns on illegal foreign migrants who committed online gambling and scams and criminal activities in Shwe Kokko and KK Park in Myawady, Kayin State by using neighbouring countries including Thailand as transits and illegally entering Myanmar through border routes is underway, 220 more foreigners were detained today.

Necessary personal information and documents of them are being collected by combined teams of relevant departments within one day in order to repatriate them as soon as.

Deputy Police Chief of the Myanmar Police Force Police Maj-Gen Tin Ko Ko inspected the measures taken by the combined teams and discussed the collection of correct and complete information and accommodation, food and health of detained foreigners and acceleration of their repatriation processes with the teams.

Then, the deputy police chief and officials inspected the proper detention of the foreigners, who have been ready for repatriation after their information has been collected.

During the period from 30 January to 21 February, a total of 1,985 illegal foreign migrants to Myanmar were uncovered and detained and 561 of them were repatriated to relevant countries in accordance with the law, rules and regulations of relevant countries through Thailand. The remaining 1,424 illegal foreign migrants are ready to be repatriated to relevant countries in accordance with the law, rules and regulations of relevant countries and they are being detained properly.

100

*From Page 14*

duties are carried out accurately and properly. During today's meeting, the Senior General said he shared experiences from his life as a soldier, his service, and the knowledge gained through study and observation in a detailed discussion. It was expressed with confidence that the trainee officers attending the meeting would receive strong support throughout their careers.

At the conclusion of the meeting, the Senior General and party warmly greeted the trainee officers.

Additionally, on the afternoon of February 20, at the meeting hall of the Army Combat Training School (Ba Htoo), the Eastern Command Commander briefed the Senior General on the Eastern Command's administrative, military, and logistical operations. He also reported on security, territorial control, and rule of law within the command's jurisdiction, as well as the status of education, healthcare, and welfare initiatives. The Commandant of the Army Combat Training School (Ba Htoo) provided updates on training operations, the progress of military-owned and small-scale farming and livestock projects, and welfare efforts.

In response to the briefings, the Senior General instructed that local units must collaborate with civilian administrative bodies on security matters. He emphasized that security operations should be conducted with awareness and vigilance, while taking special care not to harm the interests of the region and its people. Security, he noted, is an individual responsibility, while defense requires long-term planning, foresight, and coordination by those in supervisory roles. He urged all personnel to carry out security and defense duties in their assigned regions with a broad perspective to safeguard national interests and prevent any harm. Regarding narcotics, he highlighted the need to decisively address production, storage, transportation, and distribution, urging thorough efforts to uncover and suppress these networks. He stressed that authorities in relevant regions must prioritize preventing drug production in Shan State. Noting that terrorists fund their activities through drug production, he called for firm and resolute action against narcotics-related issues. Additional guidance and instructions were also provided as needed.

Afterward, the Senior General and party toured the Ba Htoo Station area by vehicle, inspecting the trainee swimming pool and the maintenance of the Ba Htoo spring.

100

**ရှေ့ဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ကျောင်းအုပ်ကြီး၊ ဗထူးတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ခွဲများအား လိုက်လံစစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကိုခံယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၈)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၇၄ ဗိုလ်လောင်းသက်နိုင်စိုးအား ငွေဓားဆုချီးမြှင့်ပေးအပ်သည်။

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် **“တပ်မတော်(ကြည်း)တွင် အရည်အချင်းပြည့်ဝသောအရာရှိများ ဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုကို ပိုင်နိုင်စွာကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်စေရန်”**ဟူသည့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)၏ ရည်ရွယ်ချက်နှင့်အညီ စစ်ပညာ၊ ကွပ်ကဲမှု၊ ခေါင်းဆောင်မှုပညာရပ်များနှင့် စစ်ဦးစီး၊စစ်ရေး၊စစ်ထောက်ဆိုင်ရာပညာရပ်များကို သင်ကြားလေ့ကျင့်အောင်မြင်ခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း။

မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့်ပြည်သူ၏ အကျိုးစီးပွားကို အစဉ်ရှေးရှုပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာမည့်ကိစ္စမှန်သမျှကို မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ထက်သန်စွာဖြင့် မှန်ကန်သည့်ရပ်တည်ချက်၊ အမျိုးသားရေး ခံယူချက်များနှင့်အတူ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိပြီး နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ ယခုကဲ့သို့ မျိုးချစ်စိတ် နိုင်ငံချစ်စိတ်ကို အခြေခံပြီး မွန်မြတ်သည့်စိတ်ထားများဖြင့် တိုင်းရင်းသားပြည်သူကြားက ပေါက်ဖွားလာခဲ့သည့် မိမိတို့တပ်မတော်၏ ကောင်းမြတ်သော အတိတ်သမိုင်းကြောင်းများကို သိရှိထားပြီး အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း။

တပ်မတော်တွင် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ယူကြရတော့မည့်သူများအနေဖြင့် မိမိကွပ်ကဲရသည့် တပ်ဖွဲ့များကိုလည်း စွမ်းရည်သုံးရပ်နှင့် ပြည့်စုံအောင်တည်ဆောက်နိုင်စွမ်း ရှိရမည်ဖြစ်ကြောင်း၊ အခက်အခဲအကျပ်အတည်းဟူသမျှ ရင်ဆိုင်ကျော်လွှားနိုင်ပြီး မိမိတပ်ကိုတက်ညီလက်ညီနှင့် စုပေါင်းဆောင်ရွက်နိုင်စွမ်းရှိအောင် ဖွဲ့စည်းထားနိုင်ရမည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင် အရာရာတွင် စံပြဖြစ်အောင် နေထိုင်ကျင့်ကြံပြီး ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း။

သင်တန်းကာလအတွင်း စစ်အတတ်ပညာအပါအဝင် စစ်ဘက်ခေါင်းဆောင်မှုပညာများကိုလေ့လာသင်ယူခဲ့ပြီးဖြစ်သဖြင့် မိမိတို့တပ်မတော်၏ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ချက်နှင့်အညီ လိုက်နာကျင့်ကြံနေထိုင်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုဆိုသည်မှာ ပါရမီသက်သက်မဟုတ်ဘဲ နည်းနိဿယကောင်းများကို ကြိုးစားလေ့လာကျင့်သုံးခြင်းဖြင့် အောင်မြင်မှုရရှိနိုင်သည့်ပညာရပ်တစ်ခုဖြစ်ပြီး ပေးအပ်သည့်ရည်မှန်းချက်တာဝန်ကို အောင်မြင်ပြီးမြောက်သည်အထိ လက်အောက်ငယ်သားများကိုစည်းရုံးလုပ်ဆောင်နိုင်သည့် အရည်အချင်းဖြစ်ကြောင်း၊ထို့ကြောင့် ခေါင်းဆောင်တစ်ဦး သိသင့်သိထိုက်သည့် အသိပညာ အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာမှသာလျှင် မှန်ကန်သည့်ဆုံးဖြတ်ချက်ကို ချမှတ်နိုင်မည်ဖြစ်သည့်အတွက် တစ်ဦးချင်း လေ့လာအားထုတ်ကြိုးပမ်းကြရန်လည်း မှာကြားလိုကြောင်း။

မိမိတို့တပ်မတော်သည် စတင်ဖွဲ့စည်းစဉ်ကတည်းကပင် စည်းကမ်းနှင့် စိတ်ဓာတ်ကို အခြေခံပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ စည်းကမ်းသည် မိမိတို့တပ်မတော်၏အသက်ခန္ဓာပင်ဖြစ်ကြောင်း၊ **ပြည်သူကြားက ပေါက်ဖွားလာပြီး မိမိဆန္ဒအလျောက် တပ်မတော်အတွင်းကို ဝင်ရောက်လာကြသူများဖြစ်ကာ အထူးသဖြင့် ပြည်သူ့တပ်မတော်သားများဖြစ်သည့်အတွက် တပ်မတော်က ချမှတ်ထားသော စစ်ဘက်ဥပဒေ၊ စစ်စည်းကမ်းများအပြင် နယ်ဘက်ဥပဒေ၊ နယ်ဘက်စည်းကမ်းများကိုလည်း တိတိကျကျလိုက်နာဆောင်ရွက်ရမည်ဖြစ်**ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် တစ်ဦးချင်း ကျန်းမာကြံ့ခိုင်မှုရှိနေရမည်ဖြစ်ပြီး အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်နေစေရန်လည်း လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်ကထုတ်ပြန်ထားသည့် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာအမိန့်ညွှန်ကြားချက်များကို လေးစားလိုက်နာဆောင်ရွက်ခြင်းသည် မိမိ၏ပင်ကိုအရည်အသွေး တိုးတက်အောင် လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း။

အထူးသဖြင့် **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”**ဟူသည့် ဆောင်ပုဒ်အတိုင်း ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသည့် စစ်အသုံးအဆောင်နှင့် စစ်အတတ်ပညာများကို အသုံးချနိုင်ရန်အတွက် စဉ်ဆက်မပြတ်လေ့လာနေရမည်ဖြစ်သကဲ့သို့ အသက်အရွယ်အလိုက် ရှိသင့်ရှိထိုက်သည့် ကျန်းမာကြံ့ခိုင်မှုနှင့် ကျွမ်းကျင်မှုရှိအောင်လည်း နေ့စဉ်ပုံမှန် လေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ရေးလုပ်ဆောင်ခြင်းသည် ကြံ့ခိုင်မှုနှင့် ကျွမ်းကျင်မှုရှိရန်အတွက်ဖြစ်ကြောင်း၊ ကြံ့ခိုင်မှုဆိုသည်မှာ တပ်ဖွဲ့ဝင်တစ်ဦးချင်း၏ ရုပ်ပိုင်း၊ စိတ်ပိုင်း ကျန်းမာကြံ့ခိုင်နေအောင် လေ့ကျင့်နေခြင်းဖြစ်သကဲ့သို့ ကျွမ်းကျင်မှုဆိုသည်မှာလည်း မိမိတို့ကိုင်တွယ်အသုံးပြုနေသည့် လက်နက်များနှင့် သင်ယူလေ့လာထားသည့် စစ်ပညာရပ်များကို ကျွမ်းကျင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၈)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၇၄ ဗိုလ်လောင်းသက်နိုင်စိုးအား ငွေဓားဆုချီးမြှင့်ပေးအပ်စဉ်။



တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၈) သူရတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များကို တွေ့ရစဉ်။



တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၈) သူရတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများကို တွေ့ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့်၎င်းတို့၏မိဘဆွေမျိုးများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

နေစေရန် လေ့ကျင့်ခြင်းဖြစ်ကြောင်း၊ ထိုသို့ ကျွမ်းကျင်မှုရှိမှသာ ယုံကြည်မှုရှိလာမည်ဖြစ်ပြီး ယုံကြည်မှုရှိမှလည်း ကြုံတွေ့လာသည့် အခက်အခဲတိုင်းကို ရဲဝံ့စွန့်စားစွာရင်ဆိုင်လုပ်ကိုင်နိုင်သည့် ရဲစွမ်းသတ္တိများ ရရှိလာမည်ဖြစ်သည့်အတွက် အလေးထားလိုက်နာသွားကြရန်လိုကြောင်း။

မိမိတို့ တပ်မတော်သားများသည် ဒွိတာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့်နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို အဓိကနေရာမှ တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ ထို့ပြင် ဒွိတာဝန် အရေးသုံးပါးကို ထိပါးလာမည့်အရေးကြုံလာလျှင်လည်း မိမိတို့တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူအတွက် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်နေသည့် အခိုင်မာဆုံး အင်အားစုတစ်ရပ်လည်းဖြစ်ကြောင်း၊ လက်ရှိကာလတွင်လည်း မိမိတို့ တပ်မတော်သည် ပြည်သူလူထုလိုလားသည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် ခိုင်မာစွာ လျှောက်လှမ်းနိုင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)နှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း။

လက်ရှိအချိန်တွင် လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်လိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့သည် NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်သမားများနှင့်ပူးပေါင်းပြီး ပြည်သူများကို အကြောက်တရား လွှမ်းမိုးလာစေရေးနှင့် ၎င်းတို့ထိန်းချုပ်နယ်မြေများချဲ့ထွင်နိုင်ရေး အတွက် နိုင်ငံရေးကိစ္စကို အကြောင်းပြုပြီး အကြမ်းဖက် လက်နက်ကိုင်နည်းလမ်းကို တရားလက်လွတ် ဥပဒေမဲ့လုပ်ဆောင်လျက်ရှိနေကြောင်း၊ထိုကဲ့သို့ အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းကြောင့် နယ်မြေဒေသအချို့တွင် မတည်မငြိမ်ဖြစ်ခဲ့ရပြီး ဒေသခံများ၏ လူမှုစီးပွားဘဝနှင့် အသက်အန္တရာယ်များ ထိခိုက်ဆုံးရှုံး နေရခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ် ကျင့်သုံးနေသည့် အကြမ်းဖက်သောင်းကျန်းသူများသည် ထာဝရငြိမ်းချမ်းရေးရရှိပြီး ပြည်ထောင်စုနှင့်အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပါဝင်လျှောက်လှမ်းရေးထက် နယ်မြေအလိုက် အာဏာရရှိရေးကို လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လိုပြီး ဆင်ခြင်တုံတရားရှိသည့် ပြည်သူများနှင့်နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ဖိအားပေးခြင်းများကို ပြုလုပ်နေသကဲ့သို့ နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုပြုလုပ်နေကြသဖြင့် တည်ငြိမ်အေးချမ်းစွာနေထိုင်လိုကြသည့် ပြည်သူများ၏ အသက်၊အိုးအိမ်၊ ပစ္စည်းဥစ္စာများနှင့် ပြည်သူပိုင်အဆောက်အအုံများများစွာ ပျက်ဆီးဆုံးရှုံးနေကြရကြောင်း၊ ထို့ကြောင့်လည်း အေးချမ်းစွာ နေထိုင်လိုကြသည့် အပြစ်မဲ့ပြည်သူများသည်

**ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကိုကာကွယ်ရန်၊ နိုင်ငံတော်ကိုကာကွယ်ရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပြီး တပ်မတော်က ဆင်နွဲနေသည့် တရားသောစစ်အပေါ် တည်ငြိမ်အေးချမ်းရေးကိုလိုလားသည့် ပြည်သူလူထုတစ်ရပ်လုံးက ဝန်းရံထောက်ခံအားပေးနေသကဲ့သို့ သောင်းကျန်းသူအမြစ်ဖြတ်ချေမှုန်းရေးနှင့် အကြမ်းဖက်မှုနှိမ်နင်းတိုက်ဖျက်ရေးအတွက် ပြည်သူလူထု၊ အစိုးရ၊ တပ်မတော် ပေါင်းစည်းအား၊ ညီညွတ်သောစိတ်ဓာတ်တို့နှင့် အတူတကွလုပ်ဆောင်သွားကြရမည်ဖြစ် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။

နိုင်ငံရေးပြဿနာကို အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းဖြင့် ရယူရန်ကြိုးစားနေကြသည့် အကြမ်းဖက်သမား သောင်းကျန်းသူများကို အလွန်ရွံရှာစက်ဆုပ်နေကြပြီဖြစ်ကြောင်း။

တပ်မတော်သည် ပြည်သူလူထုက ပေါက်ဖွားသည့် ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ **ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကိုကာကွယ်ရန်၊ နိုင်ငံတော်ကို ကာကွယ်ရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပြီး တပ်မတော်က ဆင်နွှဲနေသည့် တရားသောစစ်အပေါ် တည်ငြိမ်အေးချမ်းရေးကိုလိုလားသည့် ပြည်သူလူထုတစ်ရပ်လုံးက ဝန်းရံထောက်ခံအားပေးနေသကဲ့သို့ သောင်းကျန်းသူအမြစ်ဖြတ်ချေမှုန်းရေးနှင့် အကြမ်းဖက်မှုနှိမ်နင်းတိုက်ဖျက်ရေးအတွက် ပြည်သူလူထု၊ အစိုးရ၊ တပ်မတော် ပေါင်းစည်းအား၊ ညီညွတ်သောစိတ်ဓာတ်တို့နှင့်အတူတကွ လုပ်ဆောင်သွားကြရမည်ဖြစ်**ကြောင်း၊ ဒေသတစ်ခုတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးရေးတိုးတက်ရေးနှင့်တည်ငြိမ်အေးချမ်းမှုပျက်ပြားကာ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျအောင်လုပ်နိုင်စွမ်းရှိသူများသည် ယင်းဒေသတွင်နေထိုင်ကြသည့် ဒေသခံများနှင့် ဒေသခံအကြမ်းဖက်သမားများသာဖြစ်ကြောင်း၊ **လက်နက်ကိုင်သောင်းကျန်းသူ အကြမ်းဖက်အဖွဲ့များ၏ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များ၊နယ်မြေချဲ့ထွင်ရေးတိုက်ပွဲဖော်ဆောင်လာမှုများကို တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီး တရားသောစစ်ကို ဆက်လက်ဆင်နွှဲသွားကြရမည်ဖြစ်**ကြောင်း။

ထို့ကြောင့် တာဝန်ကျရာ တပ်ရင်း၊တပ်ဖွဲ့အသီးသီးသို့ရောက်ရှိချိန်တွင် မိမိတို့တာဝန်ထမ်းဆောင်ရမည့် နယ်မြေဒေသအတွင်း အကြမ်းဖက် လက်နက်ကိုင်လမ်းစဉ်နှင့် ပြည်သူလူထုကို အနိုင်ကျင့်နေမှုများမရှိစေရေးအတွက် လုံခြုံရေးနှင့်စစ်ဆင်ရေးတာဝန်များကို ပြည်သူလူထုနှင့်ပူးပေါင်းပြီး နိုင်ငံတော်နှင့်တပ်မတော်အတွက် ရဲဝံ့စွန့်စားစွာစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်သွားကြရန်တိုက်တွန်းမှာကြားလိုကြောင်း၊ ထို့ပြင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာပြုလုပ်နိုင်ရေး၊ မဲဆန္ဒပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးရရေးအတတ်နိုင်ဆုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အဖွဲ့အစည်းတစ်ခု တိုးတက်အောင်မြင်ရေးအတွက် စည်းလုံးညီညွတ်မှုသည် မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုဖြစ်ကြောင်း၊ **စာမျက်နှာ ၁၈ သို့**

**စာမျက်နှာ ၁၇ မှအဆက်**

တပ်မတော်သားများအနေဖြင့် မိမိတို့၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အခြေခံပြီး တပ်တွင်း စည်းလုံးညီညွတ်ရေးကို ကျစ်လျစ်ခိုင်မာစွာ တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ တည်ဆောက်ရာတွင် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်ဟူသည့် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး လေးရပ်နှင့်အညီ တည်ဆောက်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတိုင်းကလည်း ရဲဘော်အချင်းချင်းအပေါ် ထားရှိရမည့် မေတ္တာတရား၊ သံယောဇဉ်တရားနှင့် သစ္စာစောင့်သိမှုတရားဟူသည့် ရဲဘော်စိတ်ကို ထာဝစဉ် မွေးမြူထားရမည်ဖြစ်ကြောင်း၊ ထို့ပြင် စစ်သည်တော်ကျင့်ဝတ်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ပြီး မိသားစုဝင်များကိုလည်း ညီအစ်ကိုမောင်နှမသဖွယ်၊ မိသားစုသဖွယ် အပြန်အလှန်လေးစားမှု၊ အလေးထားမှုများဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်သွားနိုင်ရေး စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှသာ ကျစ်လျစ်ခိုင်မာသည့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

မျက်မှောက်ကာလတွင် သတင်း၊ နည်းပညာနှင့် ဆက်သွယ်ရေးကွန်ရက်စနစ်များလျင်မြန်စွာဖွံ့ဖြိုးလာမှုနှင့်အတူ ဆန့်ကျင်ဘက်လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် လူမှုကွန်ရက်ကိုအသုံးပြုပြီး တပ်မတော်ကို နိုင်ငံရေးသိက္ခာကျအောင်၊ပြည်သူလူထုယုံကြည်မှုပျက်ပြားအောင်နှင့်အထင်အမြင် လွဲမှားအောင် ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ထိုသို့ ထိုးနှက်တိုက်ခိုက်မှုများနှင့်အခြေအမြစ်မရှိသည့် ပြောဆိုရေးသားမှုများသည် တပ်မတော်အပေါ်မှာသာမက တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုအပေါ်၌ပါ ဆိုးရွားစွာထိခိုက်နိုင်သော

> **တပ်မတော်နှင့်ပြည်သူအကြား စည်းလုံးညီညွတ်မှုအားနည်းပါက တိုင်းပြည်ကာကွယ်ရေးလုပ်ငန်းများကို စွမ်းအားပြည့်ဆောင်ရွက်နိုင်မည်မဟုတ်သည့်အတွက် တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်သွားရန်လိုအပ် . . .**

ကြောင့် မိမိတို့တပ်မတော်သားများ အပါအဝင် နိုင်ငံသားအားလုံးအနေဖြင့် အသိသတိများဖြင့်ယှဉ်ပြီး စဉ်းစားဆင်ခြင်နိုင်ရန်လိုအပ်ကြောင်း၊**တပ်မတော်နှင့်ပြည်သူအကြားစည်းလုံးညီညွတ်မှုအားနည်းပါက တိုင်းပြည်ကာကွယ်ရေး လုပ်ငန်းများကို စွမ်းအားပြည့်ဆောင်ရွက်နိုင်မည်မဟုတ်သည့်အတွက် တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်သွားရန်လိုအပ်**ကြောင်း၊တပ်မတော်သားများအနေဖြင့် တပ်ပြင်စည်းရုံးရေးဆောင်ရွက်ရာတွင် **“ပြည်သူသာအမိ၊ပြည်သူသာအဖ”**ဟုသဘောထားပြီး တာဝန်ကျရာနယ်မြေဒေသအသီးသီး၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

သင်တန်းဆင်းပြီး ကျရာတာဝန်များကို ထမ်းဆောင်ရာတွင် တစ်ဦးချင်း တစ်ယောက်ချင်းအလိုက် အသိစိတ်ဖြင့် အရာရှိကောင်းများဖြစ်အောင် ထိန်းသိမ်းနေထိုင်သွားရမည်ဖြစ်ကြောင်း၊မိမိအတွက် အကျိုးဖြစ်စေမည့် စာပေအသိပညာဖတ်ရှုလေ့လာခြင်းများကိုလည်း စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လေ့လာဖတ်ရှုမှုများကို အမြဲမပြတ်ဆောင်ရွက်နေမည်ဆိုပါက လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အထောက်အကူပြုမည်ဖြစ်ပြီး မိမိတို့ဖတ်မှတ်ထားသည်များကို အသုံးချခြင်းနှင့်မျှဝေပေးခြင်းများကို ဆောင်ရွက်ရန် လိုကြောင်း၊ လေ့လာဖတ်ရှုခြင်း၊မှတ်သားခြင်း၊ ဆွေးနွေးခြင်း၊ အသုံးချခြင်းများမှ တစ်ဆင့် အသိပညာများ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် နိုင်ငံတော်နှင့် တပ်မတော်အတွက် အားကိုးအားထားရသည့် အရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

မိမိတို့တပ်မတော်၏ အစိုးရအဆက်ဆက်၊ ခေတ်အဆက်ဆက် နိုင်ငံတော်အတွက် ရှေ့တန်းက မားမားမတ်မတ် ရပ်တည်ကာကွယ်ခဲ့သည့် ကောင်းမြတ်သော အတိတ်သမိုင်းကြောင်း အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရန်၊ ခေါင်းဆောင်ကောင်းများ ဖြစ်အောင် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ပြီး ခေါင်းဆောင်တစ်ဦးသိသင့်သိထိုက်သည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူသွားကြရန်၊ စည်းကမ်းသည်တပ်မတော်၏ အသက်ဝိညာဉ်ဖြစ်သည့်အတွက် တပ်မတော်က ချမှတ်ထားသည့် စစ်ဘက်ဥပဒေ၊ စစ်စည်းကမ်းများ အပြင် နယ်ဘက်ဥပဒေ၊ နယ်ဘက်စည်းကမ်းများကိုလည်း တိတိကျကျ လိုက်နာသွားကြရန်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်(Fit For Fight)ဖြစ်အောင် အသက်အရွယ်အလိုက် လုပ်သင့်လုပ်ထိုက်သည့်၊ ရှိသင့်ရှိထိုက်သည့် ကျန်းမာကြံ့ခိုင်မှုရှိအောင်လေ့ကျင့်မှုများကို မှန်မှန်ကန်ကန် ဆောင်ရွက်သွားကြရန်၊ တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်ကြမည့် “အနာဂတ်၏ စစ်ခေါင်းဆောင်”များဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ထူးချွန်ဆု ရရှိကြသူများဖြစ်သည့် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းသက်နိုင်စိုး၊ စစ်ရေးပြအကောင်းဆုံးဆုရ ဗိုလ်လောင်းနေသွေး၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်းအောင်လွင်ဌေးနှင့် ကြံ့ခိုင်ရေးအကောင်းဆုံးဆုရ ဗိုလ်လောင်းစန်းဇော်ဦးနှင့် ၎င်းတို့၏မိဘဆွေမျိုးများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြသဖြင့် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သင်တန်းကာလတစ်လျှောက် စဉ်ဆက်မပြတ်ကြိုးစားအားထုတ်မှုနှင့် မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်တတ်သည့်အခြေခံကောင်းများကိုလည်း ဘဝတစ်လျှောက်လုံးဆက်လက်ထိန်းသိမ်းသွားကြရန် လိုကြောင်း၊ ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်လုံးတွင်လည်း မိဘများ၊ ဆရာ၊ ဆရာမများက သွန်သင်ပဲ့ပြင်ပေးခဲ့သည့် အခြေခံကောင်းများ၊ ယခုသင်တန်းမှ ရရှိခဲ့သည့် မိမိဘဝတိုးတက်မှုရှိစေရေး ကြိုးစားအားထုတ်နိုင်မှု၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှု၊ စည်းကမ်းကောင်းမွန်မှုစသည့် အခြေခံအလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ် ဆက်လက်ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

ငယ်စဉ်ကလေးဘဝမှ ယခုအချိန်အထိ ကျွေးမွေးစောင့်ရှောက်ထိန်းသိမ်းသွန်သင်ပေးခဲ့သည့် မိဘဆရာသမားများ၏ကျေးဇူးကို မမေ့ရန်နှင့် မိသားစုက ဂုဏ်ယူရသည့်၊ နိုင်ငံတော်နှင့် တပ်မတော်ကအားထားရသည့် တပ်မတော်အရာရှိကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်လိုကြောင်း၊ မိမိတို့တွင် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း၍ မိမိဘဝ တိုးတက်အောင်၊ မိမိရည်မှန်းချက်များ မပျောက်ပျက်ရအောင် ဆက်လက်ကြိုးစားအားထုတ်သွားရန်လိုကြောင်းနှင့် မိမိတို့ဘဝတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် ဖတ်မှတ်လေ့လာခြင်းဖြင့် ဆက်လက်ဆည်းပူးလေ့လာပြီး နိုင်ငံတော်နှင့် တပ်မတော်က အားထားရပြီး လက်အောက်က အားကိုးရသူများဖြစ်အောင် ဆက်လက် ကြိုးပမ်းသွားကြစေလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (မဝ)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ဆေးဝါးကုသပေးထားမှုနှင့်ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(မဝ)

# ၃၁ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ သတ္တမနေ့ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ၃၁ ကြိမ်မြောက် တပ်မတော်နေ့ (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၌ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအမှတ်(၁)စစ်တီးဝိုင်းအသင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၂)စစ်တီးဝိုင်းအသင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါစစ်တီးတီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ)



၃၁ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ သတ္တမနေ့ ဆက်လက်ကျင်းပစဉ်။

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၈) သူရတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၈) သူရတပ်ခွဲသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ဗထူးမြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေး
ကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
သင်တန်းဆင်းအရာရှိများကို
ရင်းရင်းနှီးနှီး
နှုတ်ဆက်စဉ်။

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ကျောင်းအုပ်ကြီး၊ ဗထူးတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းအရာရှိများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်တီးဝိုင်းအဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေး
ကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
တပ်မတော်(ကြည်း)
ဗိုလ်သင်တန်းကျောင်း(ဗထူး)
စစ်တီးဝိုင်းအဖွဲ့ကို
ချီးမြှင့်ငွေများ ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများနှင့်အတူ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များက ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

# လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဟုသာ သုံးစွဲရန် မေတ္တာရပ်ခံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)က ကမ္ဘာပေါ်ရှိ ဒြပ်ရှိ၊ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရန် ကမ္ဘာ့အမွေအနှစ်စာရင်း(World Heritage List)နှင့် လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း(The Representative List of Intangible Cultural Heritage of Humanity)ဟူ၍ ယဉ်ကျေးမှုအမွေအနှစ်များကို စာရင်းသွင်းသတ်မှတ်ခြင်းအား နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံက ပျူမြို့ဟောင်း သုံးမြို့သည် ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ ပုဂံမြို့ဟောင်းသည် ၂၀၁၉ခုနှစ်တွင်လည်းကောင်း ကမ္ဘာ့အမွေအနှစ်စာရင်း(World Heritage List)သို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် မြန်မာတိုင်းရင်းသားလူထုတစ်ရပ်လုံး၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော မြန်မာရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်သည် ၂၀၂၄ ခုနှစ်တွင် လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (The Representative List of Intangible Cultural Heritage of Humanity)သို့ ဝင်ရောက်ခဲ့သည်။

ယခုအခါ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို UNESCO ၏ လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းရန် ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် ယခုအခါ အချို့သောမီဒီယာများ၌ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဟုလည်းကောင်း၊ ကမ္ဘာ့အမွေအနှစ်ဟုလည်းကောင်းမှားယွင်းစွာအသုံးပြုလျက်ရှိကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် အများပြည်သူနှင့်မီဒီယာများအနေဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို မည်သည့်လူမှုကွန်ရက်တွင်မဆို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် သို့မဟုတ် ကမ္ဘာ့အမွေအနှစ်ဟု မှားယွင်းသုံးစွဲမှုမပြုရန်နှင့် "လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်"ဟုသာ သုံးစွဲကြရန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နယ်မြေခံစိုက်ပျိုးမွေးမြူရေးတပ်ရင်း တပ်ရင်းမှူးက မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှထွက်ရှိမှုများကို သက်သာချောင်ချိရေးဆောင်ရွက်ပေးနိုင်မှုအခြေအနေများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြစဉ်။

☆ ကျောဖုံးမှအဆက်

မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှထွက်ရှိမှုများကို သက်သာချောင်ချိရေးဆောင်ရွက်ပေးနိုင်မှု အခြေအနေများ၊ ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်နှုန်းများတိုးတက်ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် မျိုး၊ မြေ၊ ရေ၊ နည်း မှန်မှန်ကန်ကန်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေရရှိရေးအတွက် ဆိုလာစနစ်ဖြင့်ဆောင်ရွက်နိုင်ရေး စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံမှုရှိမှုကိုအထောက်အကူဖြစ်စေရေးအတွက် နေကြာအထွက်နှုန်းကောင်းမွန်စေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ အခြားစိုက်ပျိုးသီးနှံများကိုလည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီသည့် အထွက်နှုန်းရရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးတပ်ရင်းအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို စံပြဖြစ်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ တပ်တွင်း၌သက်သာချောင်ချိရေးဆောင်ရွက်ပေးနိုင်ရုံမျှသာမက ပြင်ပသို့ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည့်အတွက် နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုက အထူးပင် ကျေးဇူးတင်လျက်ရှိသည်ကိုလည်းတွေ့ရှိရပြီး ယခုထက် အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စံပြစိုက်ပျိုးမွေးမြူရေးဇုန်အတွင်းရှိ

စာမျက်နှာ ၂၁ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရှင်းလင်းတင်ပြမှုများ အပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နယ်မြေခံစိုက်ပျိုးမွေးမြူရေးတပ်ရင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မေထုန်မဲ့နည်းပညာဖြင့် နို့စားနွားမွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နယ်မြေခံစိုက်ပျိုးမွေးမြူရေးတပ်ရင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၏ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးရုံဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗထူးတပ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

မြေစိုက်ရေခံအဆောက်အအုံနှင့် လေလုံအအေးပေးအဆောက်အုံအတွင်း ဥစားကြက်များမွေးမြူထားရှိမှု၊စံပြစိုက်ပျိုးမွေးမြူရေးဇုန် ရည်မှန်းချက်တာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု မှတ်တမ်းများ၊ မွေးမြူရေးစခန်းမှထွက်ရှိသော လားချေး၊ မြင်းချေးများ၊ စံပြမွေးမြူရေးဇုန်မှထွက်ရှိသော ကြက်၊ ဝက်၊ နွားချေး ကုန်ကြမ်းပစ္စည်းများနှင့် အခြားစိုက်ပျိုးရေး စွန့်ပစ်ကုန်ကြမ်းပစ္စည်းများအား မြေဆီဩဇာကြွယ်ဝသော သဘာဝမြေဆွေးအဖြစ် စမ်းသပ်ထုတ်လုပ်အသုံးပြုလျက်ရှိမှု၊ စိုက်ပျိုးရေးဇုန်က ထွက်ရှိသည့် နေကြာစေ့မှ ဆီကြိတ်ခွဲထုတ်လုပ်နေမှု၊ သဘာဝမြေဩဇာများ ထုတ်လုပ်ထားရှိမှု၊ ရွှေဖရုံ၊ ဘူး၊ တိုင်ထောင်ပဲ၊ ငရုတ်၊ ရုံးပတီ၊ မုန်ညင်း၊ ခရမ်းစသည်များကို မျိုးကောင်းမျိုးသန့်များအဖြစ် အဆင့်ဆင့်မျိုးစေ့ထုတ်လုပ်ပြီး တပ်ရင်း၊ တပ်ဖွဲ့များနှင့် ပြင်ပသို့ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဝေရောင်းချပေးလျက်ရှိမှု၊ ဆီနေကြာမျိုးစေ့ထုတ်ယူရန် နမူနာခင်းကျင်းပြသထားရှိမှု၊ Green House အတွင်းနှင့် စိုက်ပျိုးရေးခြံအတွင်း ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းစွာစိုက်ပျိုးထားရှိမှုတို့ကို စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မေထုန်မဲ့နည်းပညာဖြင့် နို့စားနွားနှင့် DYL မျိုးမြင့်ဝက်များမွေးမြူထားရှိမှုများကိုလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၏ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့်လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို မေးမြန်း၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆေးရုံဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)မှ သင်တန်းသားအရာရှိများကို တွေ့ဆုံအမှာစကားပြောကြား

## မိမိတို့အား ပေးအပ်လာသည့်တာဝန်များကို စွမ်းရည်သတ္တိအပြည့်ဖြင့် အောင်မြင်အောင်ထမ်းဆောင်ကြရန်လိုပြီး စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာအရ ကျန်းမာကြံ့ခိုင်မှုရှိရန်၊ ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် တာဝန်ထမ်းဆောင်ကြရန်လို






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)မှ သင်တန်းသားအရာရှိများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် ပြောင်းလဲတိုးတက်နေသည့် နည်းပညာရပ်များ၊ စစ်နည်းဗျူဟာများကို မျက်ခြည်မပြတ်သိရှိနေစေရေး စဉ်ဆက်မပြတ်သည့် လေ့လာဆည်းပူးမှုများကို ဆောင်ရွက်သွားကြရမည်ဖြစ်...**

**စဉ်းစားတွေးခေါ်မှုနှင့် အသိပညာများ ပြည့်စုံမှသာလျှင် ခေါင်းဆောင်ကောင်းဖြစ်နိုင်မည်၊ မိမိတို့ နေ့စဉ်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းသည် လေ့ကျင့်ရေးဆောင်ရွက်နေခြင်းပင်ဖြစ်...**

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)မှ သင်တန်းသားအရာရှိများကို အဆိုပါသင်တန်းကျောင်း အောင်ဆန်းခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများ၊ ဗထူးတပ်နယ်မှ တာဝန်ရှိသူများ၊ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)မှ နည်းပြများနှင့် သင်တန်းသားအရာရှိများ တက်ရောက်ကြသည်။

### နိုင်ငံတော်၏ခေတ်အဆက်ဆက် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် တပ်မတော်၏ နိုင်ငံ့အရေးထမ်းဆောင်မှု

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ နိုင်ငံတော်ဖြစ်တည်မှု ပထဝီမြေအနေအထားအရ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တာဝန်များကို တစိုက်မတ်မတ် ထမ်းဆောင်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး တပ်မတော်က ဦးဆောင်ခဲ့သည့်အခြေအနေများနှင့် ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းခဲ့သည့် အခြေအနေများ၊ ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် တပ်မတော်အနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး လိုအပ်သည်များကိုလည်း အကြံပြုခဲ့သည့်အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့် အဆိုပါမဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်က နိုင်ငံ့တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရသည့်အခြေအနေများနှင့်ပတ်သက်၍ ဦးစွာ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

### လွတ်လပ်၍တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးနိုင်ရေး

ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းအပါအဝင် လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ မဲမသမာမှုဖြစ်ရပ်များကြောင့် တာဝန်ယူခဲ့ရသည့် အစိုးရဖြစ်သဖြင့် လွတ်လပ်၍ တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေဖော်ဆောင်ပေးရမည်ဖြစ်ပြီး မိမိတို့အနေဖြင့် အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံအတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှု ပိုမိုရရှိရန်လိုအပ်မည်ဖြစ်သဖြင့် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

### အခြေခံစိတ်ဓာတ်ကောင်းများဖြင့် ပေးအပ်လာသည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရမည်

တပ်မတော်ပိုင်းနှင့် ပတ်သက်၍ တပ်မတော်သားများသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်မည်ဟူသည့် မွန်မြတ်သည့် စိတ်ဓာတ်များဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်ခဲ့ကြသူများပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့သော အခြေခံစိတ်ဓာတ်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသောတာဝန်များကို ဂုဏ်ယူစွာဖြင့် ဆက်လက်ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း၊ တာဝန်များကို ထမ်းဆောင်ရာ၌ **မိမိတို့အား ပေးအပ်လာသည့် တာဝန်များကို စွမ်းရည်သတ္တိအပြည့်ဖြင့် အောင်မြင်အောင် ထမ်းဆောင်ကြရန်လိုပြီး စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာအရ ကျန်းမာကြံ့ခိုင်မှုရှိရန်၊ ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊** ယခုကဲ့သို့ သင်တန်းများက သင်ကြားပို့ချပေးသည့် စစ်နည်းဗျူဟာများ၊ စစ်အခြေခံသဘောတရားများကို အမှန်တကယ်သိရှိနားလည်တတ်ကျွမ်းမှုရှိအောင် သင်ယူလေ့လာသွားကြရန်လိုပြီး လက်တွေ့စစ်မြေပြင်တွင် အကျိုးရှိရှိအသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ကြံ့ခိုင်မှုရှိပါက လုပ်ငန်းများကို ရာနှုန်းပြည့် အောင်မြင်အောင် ထမ်းဆောင်နိုင်မည်ဖြစ်ပြီး တစ်ဦးချင်း စိတ်ဓာတ်ခိုင်မာမှုရှိစေရေး၊ ကြံ့ခိုင်မှုရှိစေရေး ယုံကြည်ချက်၊ ခံယူချက်ကောင်းစွာဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားကြရန်လိုကြောင်း၊ သင်တန်းသား အရာရှိများအနေဖြင့် တစ်ဦးချင်းစီအလိုက် ရည်မှန်းချက်များ ကိုယ်စီရှိကြမည်ဖြစ်ပြီး မိမိတို့၏ရည်မှန်းချက်များ အောင်မြင်မှုရှိစေရေး၊ မပျောက်ပျက်စေရေး မလျှော့သော ဇွဲ၊ လုံ့လများဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ **ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် ပြောင်းလဲတိုးတက်နေသည့် နည်းပညာရပ်များ၊ စစ်နည်းဗျူဟာများကို မျက်ခြည်မပြတ်သိရှိနေစေရေး စဉ်ဆက်မပြတ်သည့် လေ့လာဆည်းပူးမှုများကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊** ခိုင်မာတည်ကြည်သည့် စိတ်ဓာတ်များဖြင့် မိမိကိုယ်ကို ထိန်းသိမ်း၍ ရည်မှန်းချက်များ အောင်မြင်မှုရရှိအောင် ဆက်လက်ဆောင်ရွက်သွားကြရန် လိုကြောင်း။

### ခေါင်းဆောင်မှုကောင်းမွန်စေရေး

ခေါင်းဆောင်မှုအပိုင်းနှင့်ပတ်သက်၍ ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့် မိမိကိုယ်ကိုချိန်ထိုးသုံးသပ်ကာ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ **စဉ်းစားတွေးခေါ်မှုနှင့် အသိပညာများပြည့်စုံမှသာလျှင် ခေါင်းဆောင်ကောင်းဖြစ်နိုင်မည်ဖြစ်ပြီး** မိမိဦးဆောင်ရသည့်အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်မှုရှိစေရေး အဘက်ဘက်က စဉ်းစားတွေးခေါ်သုံးသပ်၍ ဦးဆောင်ကွပ်ကဲဆောင်ရွက်သွားရန်လိုကြောင်း၊ ခေါင်းဆောင်များ၏ တာဝန်ဝတ္တရားများသည် အလွန်ကျယ်ပြန့်သည့်အတွက် တာဝန်ထမ်းဆောင်ရာတွင် စနစ်ကျနမှုရှိရန်လိုပြီး အမြဲမပြတ်လေ့လာနေရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်များအနေဖြင့် မိမိတို့ကွပ်ကဲရသည့် တပ်နှင့် စစ်သည်များ၏ လူမှုစီးပွားဘဝမြင့်မားစေရေး၊ မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေး လမ်းညွှန်ပြသနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မိမိကိုယ်တိုင် သိသင့်သိထိုက်သည်များကို ဖတ်မှတ်လေ့လာနေရန်လိုအပ်သကဲ့သို့ မိမိလက်အောက်ကိုလည်း အသိပညာတိုးပွားစေရေး စာပေလေ့လာဖတ်ရှုမှုများကို ဆောင်ရွက်စေရန် လိုကြောင်း၊ အသိပညာအတတ်ပညာများ ရှိမှသာလျှင် မိမိတို့လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာ၌ စာမျက်နှာ ၂၃ သို့






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဗထူး) ကျောင်းအုပ်ကြီးက လေ့ကျင့်ရေးဆိုင်ရာ တာဝန်ထမ်းဆောင်နိုင်မှု၊ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် သက်သာချောင်ချိရေးဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

**စာမျက်နှာ ၂၂ မှအဆက်**

အထောက်အကူပြုနိုင်မည်ဖြစ်ပြီး အသိပညာ၊ အတတ်ပညာဖြင့် မိမိတို့၏ ခေါင်းဆောင်မှုတန်ဖိုးများကို ရရှိကြစေလိုကြောင်း။

## လေ့ကျင့်ရေး

တပ်တည်ဆောက်ရေးလုပ်ငန်းရပ်များဖြစ်သည့် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးနှင့် စိတ်ဓာတ်တို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိကြောင်း၊ လေ့ကျင့်ရေးပိုင်းနှင့်ပတ်သက်၍ **မိမိတို့နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းသည် လေ့ကျင့်ရေးဆောင်ရွက်နေခြင်းပင်ဖြစ်**ကြောင်း၊ စစ်သည်တစ်ဦးချင်းစီအလိုက် သင်ကြားပေးထားသည့် အခြေခံစစ်ပညာများကို မှန်ကန်စွာအသုံးချနိုင်ရေး၊ ကိုင်ဆောင်ရသည့် လက်နက်ခဲယမ်းများကို အကျိုးရှိထိရောက်စွာ ကိုင်တွယ်အသုံးချနိုင်ရေးအတွက် လေ့ကျင့်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်လုပ်ဆောင်ရမည့် ကြွခိုင်ရေးလေ့ကျင့်ခန်းများကို တစ်ဦးချင်းစီအလိုက်၊ အဖွဲ့အလိုက် မှန်မှန်ကန်ကန် လုပ်ဆောင်စေရေးအတွက်လည်း ကွပ်ကဲကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ လေ့ကျင့်ရေးပိုင်းနှင့် ပတ်သက်လာပါက စစ်သားကောင်းတစ်ယောက် ပီသအောင် နေထိုင်ကျင့်ကြံလေ့ကျင့်ခြင်းဖြင့် မိမိကိုယ်နှင့် မိမိအဖွဲ့အစည်းကို အရည်အသွေးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## အုပ်ချုပ်ရေး

အုပ်ချုပ်ရေးပိုင်းနှင့် ပတ်သက်၍ ညီညွတ်မျှတသည့် အုပ်ချုပ်ရေးစနစ်ရှိရန် လိုကြောင်း၊ စစ်သည်တိုင်း တစ်ဦးချင်း စစ်စည်းကမ်းကောင်းမွန်ပြီး အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်အောင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာများသည်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်သဖြင့် အုပ်ချုပ်မှုညီညွတ်မျှတကောင်းမွန်ရေးကို အလေးထားလိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ ကွပ်ကဲအုပ်ချုပ်ရသူများအနေဖြင့် ဆက်ဆံရေးကောင်းမွန်ရန်လိုပြီး မိမိတို့ကွပ်ကဲအုပ်ချုပ်ရသည့် အရာရှိ စစ်သည်များအပေါ် တပ်မှူးကောင်းသဖွယ်၊ မိဘသဖွယ် စိတ်ထား၍ စိတ်ရင်းစေတနာကောင်းဖြင့် ကွပ်ကဲအုပ်ချုပ်သွားရန်လိုကြောင်း၊ စစ်သည်တစ်ဦးတစ်ယောက်ချင်းစီ၏ သဘောသဘာဝကိုသိရှိပြီး လူမှန်နေရာမှန်တာဝန်ပေးအပ်နိုင်ခြင်းဖြင့် လုပ်ငန်းများကို အောင်မြင်အောင် ဦးဆောင်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း။

## သက်သာချောင်ချိရေး

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်မတော်က ဖြည့်ဆည်းဆောင်ရွက်ပေးထားသည့် သက်သာချောင်ချိရေးနှင့် မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ခြင်းဖြင့်လည်း တစ်ဦးချင်း သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်အဆင့်အတန်းအားလုံးကို အဆင့်အလိုက် လျော်ညီသည့် ရပိုင်ခွင့်များ၊ ခံစားခွင့်များ ပေးထားပြီးဖြစ်ကြောင်း၊ ကွပ်ကဲအုပ်ချုပ်ရသူများအနေဖြင့် စစ်သည်အဆင့်အတန်းအားလုံး၏ ရသင့်ရထိုက်သည်များကို မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိအောင် ကြပ်မတ်ကွပ်ကဲရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ ကိုယ်ရေးကိုယ်တာအခက်အခဲ၊ အကျပ်အတည်းများကိုလည်း တတ်နိုင်သည့်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့်လည်း မိမိကိုယ်ကိုအကျိုးမဖြစ်စေနိုင်သည့် အသောက်အစား၊ အပျော်အပါးနှင့် အစားအသောက်များကို ကိုယ်စီအသိစိတ်ဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့ရရှိသည့် ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင် သုံးစွဲခြင်းဖြင့် တစ်ဦးချင်း သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်စေခြင်းသည် အကျိုးအမြတ်အတွက်အဓိကမဟုတ်ဘဲ တပ်မိသားစုဝင်များအားလုံး အသား၊ ငါးနှင့် ဥအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ဝစွာစားသုံးနိုင်ရေးအတွက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသနှင့် ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

## စိတ်ဓာတ်

စစ်သည်များ၊ အရာရှိများအနေဖြင့် ကောင်းမွန်ခိုင်မာသည့် စိတ်ဓာတ်များ ရှိစေရေးအတွက် ကောင်းမွန်သည့် ခေါင်းဆောင်မှုဖြင့် တည်ဆောက်သွားကြရန်လိုကြောင်း၊ အဆင့်ဆင့်သော ခေါင်းဆောင်များကိုယ်တိုင်က စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှသာလျှင် စစ်သည်တစ်ဦးချင်းစီအလိုက် စိတ်ဓာတ်၊ စည်းကမ်းများ ကောင်းမွန်လာပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်သည့်တပ်များဖြစ်လာမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်း၏ အခြေခံစိတ်နေသဘောထားများကို သိရှိနေမှသာလျှင် လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်မည်ဖြစ်ပြီး ၎င်းတို့၏ အားနည်းချက်၊ လိုအပ်ချက်များကိုလည်း မြှင့်တင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့၏ လူနေမှုဘဝမြှင့်တင်ရေးနှင့် စည်းကမ်းစနစ်တကျနေထိုင်သွားလာစားသောက်မှုဖြစ်စေရေးအတွက် အနီးကပ်ကွပ်ကဲနေရသည့် တပ်မှူးများက ဂရုတစိုက်ဖြင့် ထိန်းသိမ်းတည့်မတ်ပေးရန် လိုအပ်မည်ဖြစ်ပြီး နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် ဆောင်ရွက်စေရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ယနေ့တွေ့ဆုံပွဲတွင် တပ်မတော်သားဘဝဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများ၊ တာဝန်ထမ်းဆောင်ခဲ့မှုများ၊ ဖတ်မှတ်လေ့လာခဲ့သည့် အသိအမြင်များနှင့်တကွ အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းသားအရာရှိများအနေဖြင့် ဘဝဖြတ်သန်းမှုတစ်လျှောက်တွင် ကောင်းမွန်သည့် အထောက်အပံ့ကောင်းများရရှိနိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် သင်တန်းသားအရာရှိများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဗထူး) အစည်းအဝေးခန်းမ၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို လည်းကောင်း၊ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) ကျောင်းအုပ်ကြီးက လေ့ကျင့်ရေးဆိုင်ရာ တာဝန်ထမ်းဆောင်နိုင်မှု၊ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

**လုံခြုံရေးသည် တစ်ဦးချင်းဆောင်ရွက်၍ ရနိုင်သည့်ကိစ္စရပ်ဖြစ်ပြီး ကာကွယ်ရေးသည် ကြီးကြပ်ကွပ်ကဲသူများက ရေရှည်စီမံချက်များ၊ ကြိုတင်မြော်တွေးခြင်းများ၊ ပေါင်းစပ်ညှိနှိုင်းခြင်းများဖြင့် ဆောင်ရွက်ရသည့်ကိစ္စရပ်ဖြစ်...**

**မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်းဟူ၍ရှိ၊ အကြမ်းဖက်သမားများအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းမှရရှိလာသည့် အရင်းအမြစ်များဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေကြခြင်းဖြစ်...**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုံခြုံရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ နယ်မြေခံတပ်များအနေဖြင့် အရပ်ဘက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်ပါက လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပြီး မိမိတို့တာဝန်ထမ်းဆောင်ရသည့် နယ်မြေဒေသအလိုက် ဒေသနှင့် ဒေသခံများ၏ အကျိုးစီးပွားများ မထိခိုက်အောင် အထူးဂရုပြု ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ **လုံခြုံရေးသည် တစ်ဦးချင်းဆောင်ရွက်၍ ရနိုင်သည့်ကိစ္စရပ်ဖြစ်ပြီး ကာကွယ်ရေးသည် ကြီးကြပ်ကွပ်ကဲသူများက ရေရှည်စီမံချက်များ၊ ကြိုတင်မြော်တွေးခြင်းများ၊ ပေါင်းစပ်ညှိနှိုင်းခြင်းများဖြင့် ဆောင်ရွက်ရသည့်ကိစ္စရပ်ဖြစ်**ကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်ရသည့် ဒေသတွင်းလုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေနိုင်သည့်မှန်သမျှကို ကာကွယ်နိုင်ရေး အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ **မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်းဟူ၍ရှိပြီး** ကွင်းဆက်များကို ဖိဖိစီးစီးဖြင့် ဖော်ထုတ်နှိမ်နင်းသွားရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးများ ထုတ်လုပ်ခြင်းမရှိစေရေး သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ရှိသူများအနေဖြင့် အလေးထား ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ **အကြမ်းဖက်သမားများအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းမှ ရရှိလာသည့် အရင်းအမြစ်များဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေကြခြင်းဖြစ်**သဖြင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်လာပါက ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဗထူးတပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ သင်တန်းသားရေကူးကန်နှင့် ဗထူးစမ်းထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ ဓမ္မာရုံအသစ်ဆောက်လုပ်လှူဒါန်းခြင်းအခမ်းအနား တက်ရောက်

ဟားခါး ဖေဖော်ဝါရီ ၂၁

ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ဒေါက်တာဘရွှေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သာသနာ့ရက္ခိတကျောင်း၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောက်လုပ်သည့် ဓမ္မာရုံအသစ်ဆောက်လုပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များနာယူကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာလှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟားခါးပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံ တက်ရောက်ကုသလျက်ရှိသော လူနာများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ရာ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးက ဆေးရုံဆိုင်ရာ အချက်အလက်များနှင့် ဆေးရုံ တက်ရောက်ကုသလျက်ရှိသော လူနာအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဖြည့်စွက်ဆွေးနွေးသည်။

ဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျန်းမာရေးဝန်ထမ်းများကို လက်ဆောင်ပစ္စည်းနှင့်ချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါဆေးရုံကြီးတွင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များနှင့်အညီ ပြည်သူများစိတ်အေးချမ်းသာစွာဖြင့် ဆေးကုသမှုခံယူနိုင်ရေး ခေတ်မီစက်ကိရိယာများ၊ ဆေးဝါးပစ္စည်းများနှင့် အထူးကုဆရာဝန်ကြီးများပြည့်စုံစွာဖြည့်ဆည်းပေးထားပြီး လိုအပ်သည်များကို ဆက်လက်၍ အဆင့်မြှင့်တင် ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တောင်ဇလပ်ရိပ်သာတွင် ဟားခါးမြို့နှင့် ထန်တလန်မြို့တို့မှ မြို့မိမြို့ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ၁၅ ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ၁၅ ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့တွင် နေပြည်တော်ခုတင်(၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် စေတနာသွေးလှူရှင် စုစုပေါင်း ၄၅ ဦးတို့က ပါဝင်လှူဒါန်းခဲ့ကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများကစားသောက်ဖွယ်ရာများနှင့်ဆေးဝါးများကို ပေးအပ်ကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက သွေးလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ၁၅ ကြိမ်မြောက်စုပေါင်းသွေးလှူဒါန်းပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊တောင်ကြီး၊ပုသိမ်နှင့်ထားဝယ်မြို့တို့ရှိ ဆေးရုံများနှင့် သွေးဌာနများတွင် တစ်ပြိုင်တည်းကျင်းပခဲ့ကာ စုစုပေါင်း လူဦးရေ ၃၂၀ ပါဝင်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၈) သူရတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကျင်းပ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင် ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီကို ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၁

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၈)သူရတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်း၌ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်၊ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်နိုင်ဝင်းအောင် ကျောင်းဆင်းဗိုလ်လောင်းများ၊၎င်းတို့၏မိဘဆွေမျိုးများနှင့်နည်းပြများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့် ကျောင်းအုပ်ကြီးတို့က စင်မြင့်တွင်နေရာယူကြသည်။ဆက်လက်ပြီး စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်က ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီကို ပြန်တမ်းဝင်ခန့်အပ်လွှာများပေးအပ်ပြီးနောက် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး)ကို ၁၉၄၆ ခုနှစ်တွင် ပြင်ဦးလွင်မြို့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁ မှ ၁၆)ထိလည်းကောင်း၊ ၁၉၅၇ ခုနှစ်တွင် ပြင်ဦးလွင်မြို့မှ ဗထူးတပ်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၇ မှ ၂၈)ထိလည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် ဗထူးတပ်မြို့မှမှော်ဘီမြို့သို့ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကာ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉ မှ ၈၂)ထိလည်းကောင်း၊ ၁၉၉၁ ခုနှစ်တွင် မှော်ဘီမြို့မှ ဗထူးတပ်မြို့သို့ ပြန်လည်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၃ မှ ယနေ့)ထိ ဗိုလ်လောင်းများအား လေ့ကျင့်သင်ကြားပေးလျက်ရှိကာ အရာရှိများစွာ မွေးထုတ်ပေးလျက်ရှိသည်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)မှကျောင်းဆင်းအရာရှိများအနက် အောင်ဆန်းသူရိယဘွဲ့ရရှိသူတစ်ဦး၊ သီဟသူရဘွဲ့ရရှိသူ ၁၀ ဦး၊ သူရဘွဲ့ရရှိသူ ၉၆ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ချီးမြှင့်ခြင်းခံရသူ ၄၁၁ ဦးထိ ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။ (၅၀၁)

## နိုင်ငံပိုင်သယံဇာတများအား မတော်လောဘဖြင့် ဥပဒေမဲ့ခိုးထုတ်ကာ အကြမ်းဖက်နှင့် လက်နက်ကိုင်သောင်းကျန်းမှုများကို ထောက်ပံ့နေမှုအား တိုက်ဖျက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားသည်။ ထို့ပြင် နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့်ဥပဒေပြဋ္ဌာန်းရမည်ဟု အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်နှင့်အညီ နိုင်ငံပိုင်သယံဇာတပစ္စည်းများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများလည်းပြဋ္ဌာန်းထားရှိပြီး သယံဇာတထုတ်ယူခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ခွင့်ပြုထားသည်။

သို့ရာတွင် နိုင်ငံတော်အတွင်းရှိ ဒေသအချို့တွင်ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများ၊ လက်နက်ကိုင်သောင်းကျန်းမှုများကို အခွင့်ကောင်းယူကာ မတော်လောဘစီးပွားရေးသမားများက နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ဥပဒေမဲ့ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများကို ထောက်ပံ့ခြင်း၊ လက်နက်ကိုင်သောင်းကျန်းသူများအား ထောက်ပံ့ခြင်းများ ကိုလုပ်ဆောင်နေကြသည်။

ထိုသို့သော မတော်လောဘဖြင့် ဥပဒေမဲ့ နိုင်ငံပိုင်သယံဇာတပစ္စည်းများကိုခိုးထုတ်ကြရာတွင် ဥပဒေကိုမသိနားမလည်သည့် အပြင်ဆင်းရဲသည့်ဒေသခံပြည်သူများကို ငွေကြေးဖြင့်ဆွဲဆောင်စည်းရုံးကာ အလုပ်လုပ်ကိုင်စေလျက်ရှိကြောင်းကိုလည်း တွေ့ရသည်။ ယင်းသို့လုပ်ကိုင်ခြင်းသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုကိုအားပေးမှုမြောက်ကြောင်း ယင်းကဲ့သို့ ဥပဒေမဲ့ခိုးထုတ်မှုများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့်ပြည်သူများ သတိပြုကြရန်လိုပါသည်။

မတော်လောဘဖြင့် နိုင်ငံ၏သယံဇာတပစ္စည်းများကို ဥပဒေမဲ့ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို ထောက်ပံ့နေမှုများ ကို နိုင်ငံတော်အနေဖြင့် စိစစ်ဖော်ထုတ်၍ လိုအပ်သလိုတိုက်ဖျက်ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ပါ၍ ပြည်သူများအနေဖြင့် အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို အားပေးထောက်ပံ့မှုပြုနေသည့် ယင်းကဲ့သို့ဥပဒေမဲ့သယံဇာတခိုးထုတ်သည့် လုပ်ငန်းများတွင်ပါဝင်လုပ်ကိုင်ခြင်းမှ အထူးသတိပြုရှောင်ရှားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရသည်။ (၅၀၁)

## MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့် Fixed Capital အနည်းဆုံး ၃၀ ရာခိုင်နှုန်းနှင့်အထက်အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း သုံးရာခိုင်နှုန်း၊ Working Capital ၁၀၀ ရာခိုင်နှုန်း အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း လေးရာခိုင်နှုန်းနှင့် Credit Guarantee Insurance-CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ငါးရာခိုင်နှုန်းတို့ဖြင့် ချေးငွေများလျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့

## ပြည်ပတွင်အလုပ်လုပ်ကိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံသားများ၏လစာငွေ သို့မဟုတ် အခြားဝင်ငွေကို ဘဏ်လမ်းကြောင်းမှ လွှဲပို့ငွေ၏ ငါးရာခိုင်နှုန်းဖြင့် လျှပ်စစ်သုံး မော်တော်ယာဉ်၊ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်ကို အထူးအစီအစဉ်တစ်ရပ်အနေဖြင့် တင်သွင်းခွင့်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ်များ အသုံးပြုမှုပိုမိုတိုးတက်ဖြစ်ထွန်းစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စအား အထောက်အကူပြုရန် ရည်ရွယ်၍ ပြည်ပတွင် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံသားများက မိမိတို့ရရှိသည့် လစာငွေ သို့မဟုတ် အခြားဝင်ငွေများကို မြန်မာနိုင်ငံသို့ ဘဏ်လမ်းကြောင်းမှတစ်ဆင့် ပြန်လည်လွှဲပို့ခြင်းအပေါ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်၊ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်တင်သွင်းရန်အတွက် **"ပုံမှန်လစာရရှိသူများ(သင်္ဘောသားများအပါအဝင်)နှင့် အခြားဝင်ငွေရရှိသူများသည် တစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ငါးသောင်းနှင့်အထက် လွှဲပို့ပါက စုစုပေါင်းလွှဲပို့ငွေ၏ ငါးရာခိုင်နှုန်းတန်ဖိုးနှင့်ညီမျှသော လျှပ်စစ်သုံးမော်တော်ယာဉ်၊လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် တစ်နှစ်လျှင် တစ်စီးနှုန်း"**ဖြင့် ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကျုံးဝင်သူများအနေဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်၊ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်တင်သွင်းခွင့်ပြုရာတွင် တစ်ဦးတစ်ယောက်ချင်းတင်သွင်းမှုနှင့် တစ်ဦးတစ်ယောက်ချင်းတင်သွင်းရန် ယာဉ်တန်ဖိုးမပြည့်မီပါက စုပေါင်း၍တင်သွင်းမှုတို့ကိုခွင့်ပြုပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၆ ရက်က အသိပေးထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်၊ လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်ဝယ်ယူတင်သွင်းခွင့်ပြုသည့် အစီအစဉ်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်မှ စတင်ရေတွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရပြီး အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၃၄၀၈၄၃၃ နှင့် Email -dottraining2008@gmail.comတို့ကိုဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

**လျှပ်စစ်မီတာခ**

**သက်သာဖို့**

**LED ပစ္စည်း**

**သုံးကြစို့။**

## သံအမတ်ကြီး ဦးသစ်လင်းအုန်းအား ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

## ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၅၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


## အချိန်အခါမဟုတ် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ နေရာကျဲကျဲမှ နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၁-၂-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၄-၂-၂၀၂၅ ရက်နေ့မှ ၂၇-၂-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသားဦးရေ ၃၀၀ ထပ်မံလွှဲပြောင်းပေးအပ်



တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားဦးရေ၃၀၀ ကိုပြန်လည်လွှဲပြောင်းပေးအပ်စဉ်။



တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများအနက်ဦးရေ ၃၀၀ ကို ပြန်လည်လွှဲပြောင်းပေးအပ်မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)တို့ဖြင့် စဉ်ဆက်မပြတ်တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသားဦးရေ ၃၀၀ ကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ယနေ့တွင် မြန်မာ-ထိုင်း အမှတ် (၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့သည်။

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်တင်ကိုကို၊ ထိုင်းနိုင်ငံ တာ့ခ်ပြည်နယ် အမှတ် (၃) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဒုတိယဌာနမှူး ရဲမှူးကြီး Ploen Klinpayomနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကြသည်။

ယနေ့လွှဲပြောင်းပေးအပ်ခဲ့သည့် တရုတ်နိုင်ငံသားများ၏ ဖွင့်ဟဝန်ခံချက်များအရ အများစုသည် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်းပြီး နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်းနှင့် မြဝတီ- KK Park နယ်မြေအတွင်းရှိ Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများတွင် ပါဝင်လုပ်ဆောင်ရန် စေခိုင်းခြင်းခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၂၂ ဦး ထပ်မံထိန်းသိမ်းနိုင်ခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၂၂ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံ အချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၂၂ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုကို ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်တင်ကိုကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ စာရင်းဇယားအချက်အလက်များ မှန်ကန်ပြည့်စုံစေရေး၊ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် ပြန်လည်လွှဲပြောင်းရေးလုပ်ငန်းစဉ်များကို ယခုထက်ပိုမိုမြန်ဆန်အဆင်ပြေချောမွေ့စေရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်နှင့် တာဝန်ရှိသူများသည် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးရန် စာရင်းကောက်ယူစိစစ်ပြီး အသင့်ဖြစ်နေသည့် ပြည်ပနိုင်ငံသားများအား ကောင်းမွန်စွာထိန်းသိမ်းထားရှိမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၁ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၈၅ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၅၆၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၄၂၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# မူးမြို့နယ်နှင့် ဆောထိမြို့နယ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကြောင့် ပြည်သူသုံးဦး ထိခိုက်ဒဏ်ရာရပြီး နေအိမ်များပျက်စီးကြောင်း သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး မူးမြို့နယ်နှင့် ဆောထိမြို့နယ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကြောင့် ပြည်သူ သုံးဦးထိခိုက်ဒဏ်ရာရပြီး နေအိမ်များပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ရန်အတွက် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကိုသာ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများကသာ မြို့ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်းနှင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန် ဌာနဆိုင်ရာ အဆောက်အအုံများကို လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများလုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို ပြည်သူများ အသိပင်ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင် လွဲမှားစေရန်ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



# ကိုလံဘီယာနိုင်ငံတွင် ၂၀၂၄ ခုနှစ်အတွင်း သစ်တောပြုန်းတီးမှုမြင့်တက်ခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်



**ဘိုဂိုတာ ဖေဖော်ဝါရီ ၂၁**

ကိုလံဘီယာနိုင်ငံတွင် ၂၀၂၄ ခုနှစ်အတွင်း သစ်တောပြုန်းတီးမှုနှုန်းမြင့်တက်ခဲ့ကြောင်း ကိုလံဘီယာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး စူဇန်နာက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တွင် သစ်တောပြုန်းတီးမှု လျော့ကျခဲ့သော်လည်း ၂၀၂၄ ခုနှစ်တွင် ပြန်လည်မြင့်တက်လာပြီး ၂၀၂၃ ခုနှစ်က ဖြစ်ပေါ်ခဲ့သော သစ်တောပြုန်းတီးမှုထက် ၃၅ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့ကြောင်း၊ ကိုလံဘီယာနိုင်ငံတွင် စစ်တမ်းများအရ ၂၀၂၂ ခုနှစ်က သစ်တောပြုန်းတီးမှု ဖြစ်ပေါ်ခဲ့သော သစ်တောမြေဧရိယာသည် ၁၂၃၅ စတုရန်းကီလိုမီတာရှိခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၁၉၇ စတုရန်းကီလိုမီတာထိ လျော့ကျခဲ့သော်လည်း ၂၀၂၄ ခုနှစ်တွင် ပြန်လည် မြင့်တက်လာခဲ့ခြင်းဖြစ်သည်ဟု ကိုလံဘီယာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ကိုလံဘီယာနိုင်ငံမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အရေးကြီးတဲ့ သစ်တောပြုန်းတီးမှုလျှော့ချဖို့ ဆောင်ရွက်နေပါတယ်။ ဒါပေမဲ့ ၂၀၂၄ ခုနှစ်မှာတော့ သစ်တောပြုန်းတီးမှုတွေ မြင့်တက်လာခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်မှာ ဖြစ်ပေါ်ခဲ့တဲ့ သစ်တောပြုန်းတီးမှုဟာ ၂၀၂၃ ခုနှစ်မှာဖြစ်ပေါ်ခဲ့တဲ့ သစ်တောပြုန်းတီးမှုတွေထက် ၃၅ ရာခိုင်နှုန်းထိ မြင့်မားလာခဲ့ပါတယ်"ဟု ကိုလံဘီယာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး စူဇန်နာက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# ပါကစ္စတန်နိုင်ငံ အမ္ဗာမြို့တော်တွင် မိုးရွာသွန်းခဲ့သဖြင့် သောက်သုံးရေခက်ခဲသည့် ပြဿနာကို ဖြေရှင်းနိုင်တော့မည်

**အစ္စလာမ်မာဘတ် ဖေဖော်ဝါရီ ၂၁**

ပါကစ္စတန်နိုင်ငံ၏ အမ္ဗာမြို့တော်အဖြစ် သတ်မှတ်ခံထားရသော အစ္စလာမ်မာဘတ်မြို့နှင့် ရာဝါပင်ဒီမြို့တို့တွင် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး ဖေဖော်ဝါရီ ၂၀ ရက်က မိုးရွာသွန်းလာခဲ့သဖြင့် သောက်သုံးရေခက်ခဲသည့် ပြဿနာကို ဖြေရှင်းနိုင်တော့မည်ဖြစ်ကြောင်း Water and Sanitation Agency (WASA) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

အစ္စလာမ်မာဘတ်မြို့နှင့် ရာဝါပင်ဒီမြို့တို့တွင် မိုးခေါင်မှုကြောင့် ပြီးခဲ့သောရက်သတ္တပတ်က မိုးခေါင်ရေရှားမှုပြဿနာ အရေးပေါ်အခြေအနေအဖြစ် Water and Sanitation Agency (WASA) က ထုတ်ပြန်ကြေညာခဲ့ပြီးနောက် မိုးပြန်လည်ရွာသွန်းလာသည့်အတွက် အရေးပေါ်အခြေအနေမှ လွတ်မြောက်လာတော့မည်ဖြစ်ကြောင်း Water and Sanitation Agency (WASA) က ထုတ်ပြန်ခဲ့သည်။

"မိုးခေါင်ရေရှားမှုပြဿနာနဲ့ လပေါင်းများစွာ ရင်ဆိုင်နေရတဲ့ အစ္စလာမ်မာဘတ်မြို့နဲ့ ရာဝါပင်ဒီမြို့တို့မှာ မိုးရွာသွန်းလာခဲ့ပါတယ်။ မိုးရေချိန်ဟာလဲ ၁၉ မီလီမီတာထိရှိခဲ့ပြီးတော့ စံချိန်တင်မိုးရွာသွန်းမှုဖြစ်ပါတယ်။ မိုးခေါင်မှုကြောင့် ဒေသခံတွေတော်တော်လေး ဒုက္ခရောက်ခဲ့ရတယ်။ မိုးပြန်လည်ရွာသွန်းလာတဲ့အတွက် သောက်သုံးရေတွေကိုပုံမှန်အတိုင်း ပြန်လည် ပေးဝေနိုင်တော့မှာဖြစ်ပါတယ်။ ရေလှောင်တမံတွေ ရေစုနိုင်တဲ့ အခြေအနေတွေပေါ်မှာ မူတည်ပြီးတော့ သောက်သုံးရေပေးဝေမှုစနစ်ကို ပြန်လည်သတ်မှတ်သွားမှာဖြစ်ပါတယ်"ဟု Water and Sanitation Agency (WASA)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# သြစတြေးလျနိုင်ငံ ပါ့သ်မြို့တွင် အသေးစားလေဆင်နှာမောင်းတိုက်ခတ်ခဲ့ပြီး နောက်ဆက်တွဲ မုန်တိုင်းဝင်ရောက်လာဖွယ်ရှိနေ

**ကင်ဘာရာ ဖေဖော်ဝါရီ ၂၁**

သြစတြေးလျနိုင်ငံ ပါ့သ်မြို့တွင် ဖေဖော်ဝါရီ ၂၀ ရက်က အသေးစား လေဆင်နှာမောင်း တိုက်ခတ်ခဲ့ပြီး နောက်ဆက်တွဲ မုန်တိုင်း ဝင်ရောက်လာဖွယ်ရှိနေကြောင်း သြစတြေးလျ မိုးလေဝသဌာန(BoM) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အသေးစားလေဆင်နှာမောင်းဖြစ်သော်လည်း သစ်ပင်ကြီးတချို့ လဲကျမှုဖြစ်ပေါ်ခဲ့သကဲ့သို့ လူနေအိမ်တချို့ အိမ်ခေါင်မိုးများ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်ခဲ့ရသည့် ဒေသများမှာ အနောက်သြစတြေးလျပြည်နယ်ရှိ ပက်ဗီးလ်၊ မောင့်ဟီလီနာ၊ မန်ဒါရင်း၊ စတုန်းဗီးလ်၊ ဆောယာဗယ်လေနှင့် ဂီဂျီဂန်နပ်ဒေသတို့ဖြစ်ကြောင်း အနောက်သြစတြေးလျပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။



"ပါ့သ်မြို့မှာ အသေးစားလေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ လေဆင်နှာမောင်းကြောင့် လူနေအိမ်တချို့ အိမ်ခေါင်မိုးတွေ ပျက်စီးခဲ့တယ်။ သစ်ပင်တချို့ လဲကျမှုကြောင့် လမ်းမကြီးတချို့ ပျက်စီးခဲ့တယ်။ လျှပ်စစ်မီးပြတ်တောက်မှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ အသေးစားလေဆင်နှာမောင်းတိုက်ခတ်ခဲ့ပြီး နောက်ပိုင်းမှာ မုန်တိုင်းဝင်ရောက်လာနိုင်တဲ့ လက္ခဏာတွေ တိုင်းတာတွေ့ရှိထားပါတယ်"ဟု သြစတြေးလျ မိုးလေဝသဌာန(BoM)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**


**Trs : Sai Sat**

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



# တရုတ်(တိုင်ပေ)တွင် မီးရထားလမ်းများနှင့်တံတားများကို ရေဘေးနှင့်ငလျင်ဒဏ်ခံနိုင်ရန် ပြုပြင်တည်ဆောက်သွားမည်

**တိုင်ပေ ဖေဖော်ဝါရီ ၂၁**

တရုတ်(တိုင်ပေ)တွင် ရေဘေးအန္တရာယ်နှင့် ငလျင်ဒဏ်များဖြင့် မကြာခဏ ရင်ဆိုင်နေရပြီး ငလျင်ဒဏ်ဖြင့် မကြာခဏရင်ဆိုင်နေရသည့် ဧရိယာအတွင်းရှိ မီးရထားလမ်းများနှင့် တံတားများကို ရေဘေးအန္တရာယ်နှင့် ငလျင်ဒဏ်ခံနိုင်ရန်အတွက် ပြုပြင်တည်ဆောက် သွားမည်ဖြစ်ကြောင်း Ministry of Transportation and Communications (MOTC) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ မီးရထားလမ်းများနှင့် တံတားများကို ရေဘေးအန္တရာယ်နှင့် ငလျင်ဒဏ်ခံနိုင်ရန် ပြုပြင်တည်ဆောက်သွားမည့် စီမံကိန်းကို ယခုနှစ်တွင် စတင်မည်ဖြစ်ပြီး ၂၀၂၉ ခုနှစ်တွင် အပြီးသတ်အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်တက်လာသည့်အတွက် သဘာဝဘေးဒဏ်များကို မကြာခဏ ရင်ဆိုင်သွားရဖွယ်ရှိနေသဖြင့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် ပြင်ဆင်လာခြင်း ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ ၁၇၂ ဒသမ ၉၄ သန်းထိ အသုံးပြုသွားမည်ဖြစ်ကြောင်း Ministry of Transportation and Communications (MOTC) က ထုတ်ပြန်ခဲ့သည်။

"ရာသီဥတု ဖောက်ပြန်မှုနှုန်းတွေက မြင့်တက်လာတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝဘေးအန္တရာယ်တွေ ကျရောက်ခဲ့တယ်။ ရေဘေးအန္တရာယ်နဲ့ ငလျင်ဒဏ်က မကြာခဏဖြစ်ပေါ်နေတယ်။ ရေဘေးအန္တရာယ်နဲ့ ငလျင်ဒဏ်ကြောင့် ရထားလမ်းနဲ့ တံတားတွေ တော်တော်များများပျက်စီးခဲ့တယ်။ ဒါကြောင့် ရထားလမ်းနဲ့ တံတားတွေကို ရေဘေးအန္တရာယ်နဲ့ မြေငလျင်ဒဏ်ခံနိုင်ဖို့အတွက် ပြင်ဆင်မှုတွေ ပြုလုပ်သွားမှာ ဖြစ်ပါတယ်"ဟု MOTC မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# အသံလွှန်လက်နက်ထုတ်လုပ်မှုတွင် ရှုံးကန်နေရသောအမေရိကန်

**မောင်စိန်အိ(နဘဲမြေ)**

အသံလွှန်လက်နက်များသည် စစ်မက်ဆင်နွှဲရာတွင် စွမ်းဆောင်ရည်များကို အပြောင်းအလဲဖြစ်စေလျက်ရှိသော်လည်း အမေရိကန်စစ်ဘက် အတွက်မူ ဖြေရှင်းနိုင်စွမ်းမရှိသော နည်းပညာအခက်အခဲများ၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အားနည်းချက်များနှင့် မဟာဗျူဟာမြောက် စွန့်စားရနိုင်ခြေများသည် အကျိုးအမြတ်ရရှိရေးနှင့်စပ်လျဉ်း၍ ဝန်ထုပ်ဝန်ပိုးဖြစ်ပေါ်စေလျက်ရှိသည်။

အမေရိကန်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ သုတေသနအဖွဲ့(CRS)က ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ၌ အမေရိကန်အနေဖြင့် အသံလွှန်လက်နက်များ သုတေသနပြုတိုးတက်ထုတ်လုပ်ရန် အပြင်းအထန် ကြိုးပမ်းလျက်ရှိသော်လည်း လက်တွေ့အခြေအနေ၌ စွမ်းဆောင်ရည်များနှင့် စပ်လျဉ်း၍ မေးခွန်းများ ထွက်ပေါ်လျက်ရှိကြောင်း ဖော်ပြထားသည်။

တရုတ်နှင့်ရုရှားနိုင်ငံတို့သည် အသံလွှန်ကျည်ထိပ်ဖူး(HGV)များကို လက်တွေ့တပ်ဖြန့်ချထားသော်လည်း အမေရိကန်သည် ၎င်း၏ပြိုင်ဘက်နျူကလီးယားပိုင်ဆိုင်သောနိုင်ငံများကို အမီလိုက်နိုင်ရေးထက် ပိုမိုတိကျပြီး အဆင့်မြင့်နည်းပညာများ လိုအပ်သော သမားရိုးကျလက်နက်စနစ်များအပေါ်တွင်သာ အာရုံစိုက် ဆောင်ရွက်နေရဆဲပင်ဖြစ်သည်။

အမေရိကန်၏ အသံလွှန်လက်နက်စနစ်သည် အပြည့်အဝ တာဝန်ထမ်းဆောင်နိုင်သည့်အဆင့်သို့ မရောက်ရှိသေးဘဲ ရှေ့ပြေးပုံစံများကို ဆက်လက်ဆန်းစစ်အကဲဖြတ်နေရဆဲပင်ဖြစ်သည်။ လက်ရှိအချိန်တွင် အဆိုပါလက်နက်များ၏ ဟန့်တားမှုစွမ်းဆောင်ရည်၊ ခွဲခြားသတ်မှတ်နိုင်ခြင်းမရှိသော မစ်ရှင်အခန်းကဏ္ဍများနှင့် မြင့်မားသောကုန်ကျစရိတ်များအပေါ် မေးခွန်းများထွက်ပေါ်လျက်ရှိသည်။

ထိုအတောအတွင်း အသံလွှန်ဒုံးကျည်နည်းပညာတွင် ပြိုင်ဘက်နိုင်ငံများ၏ အဆင့်မြင့်တိုးတက်လာမှုများသည် အရည်အသွေးပိုင်းဆိုင်ရာ နောက်ကျနေသော အမေရိကန်အား စိုးရိမ်ပူပန်မှုများ ပိုမိုမြင့်တက်လာစေလျက်ရှိသည်။ အမေရိကန်အနေဖြင့် ၂၀၂၅ ခုနှစ်ဘဏ္ဍာနှစ်တွင် အသံလွှန်ဒုံးကျည်သုတေသနလုပ်ငန်းအတွက် ဘတ်ဂျက်အမေရိကန်ဒေါ်လာ ၆ ဒသမ ၉ဘီလီယံ အထိ တိုးမြှင့်သုံးစွဲလျက်ရှိသော်လည်း ခြိမ်းခြောက်မှုများအပေါ် ခြေရာခံမှု၊ ကာကွယ်မှုနှင့် ကျယ်ပြန့်သော နယ်ပယ်များကို ကာကွယ်စောင့်ရှောက်မှုအပေါ် ခြိမ်းခြောက်မှုများသည် ဖြေရှင်းနိုင်စွမ်းမရှိဘဲ ဆက်လက်တည်ရှိနေဆဲ ပင်ဖြစ်သည်။

အမေရိကန်အနေဖြင့် အသံလွှန်ဒုံးကျည်ခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ခိုက်နိုင်ရေးအတွက် ဒုံးကျည်ကာကွယ်ရေးစနစ်များကို တပ်ဆင်ထားသော်လည်း လိုအပ်ချက်များရှိနေဆဲပင်ဖြစ်သည်။ အကြောင်းမူကား ၎င်းလက်နက်စနစ်များသည် သမားရိုးကျခြေရာခံမှုနှင့် ကြားဖြတ်တိုက်ခိုက်မှုတို့အတွက်သာ တည်ဆောက်ထားသောကြောင့်ပင်ဖြစ်သည်။ အမေရိကန်လွှတ်တော်သည် တရုတ်နှင့်ရုရှားတို့၏ ခြိမ်းခြောက်မှုမြင့်တက်လာသဖြင့် ထိုးစစ်စွမ်းဆောင်ရည်များနှင့် အသံလွှန်ကာကွယ်ရေးစနစ်များကို ဟန်ချက်ထိန်းညှိဆောင်ရွက်နေသော်လည်း လေ့လာဆန်းစစ်သူများသည် အဆိုပါရင်းနှီးမြှုပ်နှံမှုများအပေါ် အမြင်သဘောထားကွဲလွဲလျက်ရှိသည်။ ထို့ကြောင့်အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန(DOD)၏ မဟာဗျူဟာမြောက်တွက်ချက်မှုများကို ပိုမိုသိမ်မွေ့ရှုပ်ထွေးစေပြီး လက်နက်ထိန်းချုပ်ရေးအစီအမံသစ်များနှင့် ဘေးအန္တရာယ်လျှော့ချရေးမဟာဗျူဟာများ လိုအပ်လာဖွယ်ရာရှိနေသည်။

နည်းဗျူဟာမြောက်အဆင့်၌ အသံလွှန်လက်နက်များသည် လျင်မြန်သောအရှိန်၊ လှုပ်ရှားစစ်ကစားနိုင်မှု၊ ဘေးအန္တရာယ်မှ လွတ်မြောက်နိုင်မှုတို့ဖြင့် ထူးခြားသောအားသာချက်များကို ကမ်းလှမ်းပေးလျက်ရှိသည်။ အကြောင်းမူကား ၎င်းလက်နက်များသည် အသံထက်မြန်နှုန်းငါးဆ(Mach 5) ကျော်ဖြင့် ပျံသန်းနိုင်သဖြင့် ရန်သူ၏ ကာကွယ်တုံ့ပြန်နိုင်မှုအချိန်နည်းပါးပြီး ကြားဖြတ်တိုက်ခိုက်မှုအခွင့်အလမ်းများကိုလည်း လျှော့ချသွားနိုင်မည်ဖြစ်သည်။

ထို့ပြင် ၎င်းလက်နက်များသည်အမြင့်ကီလိုမီတာ ၂၀ မှ ၆၀ ကီလိုမီတာအတွင်း ပျံသန်းနိုင်သောကြောင့် လေထုပြင်ပရှိ ဒုံးကျည်ကာကွယ်ရေးစနစ်များကို




ရှောင်ရှားနိုင်ပြီး လျင်မြန်တိကျသောသက်ရောက်မှုများဖြင့် ကြိုတင်စီမံထားသော ကြားဖြတ်ဟန့်တားမှုများကိုလည်း ရှောင်ကွင်းနိုင်စွမ်းရှိသည်။

သို့သော် အမေရိကန်၏ အသံလွှန်လက်နက် စမ်းသပ်မှုများသည် ဖိအားပေးလုပ်ဆောင်သော အစီအစဉ်များနှင့် နည်းပညာလိုအပ်ချက်များကြောင့် မကြာခဏချွတ်ယွင်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။ DOD၏ ရှေ့ပြေးပုံစံကို အလျင်စလိုတည်ဆောက်မှုနှင့် စမ်းသပ်မှုများသည် ဒီဇိုင်းနှင့်စွမ်းဆောင်ရည် အပိုင်းတို့တွင် လိုအပ်ချက်ဖြစ်ပေါ်စေလျက်ရှိသည်။ သာဓကအနေဖြင့် AGM–183 အမျိုးအစား ဝေဟင်မှ ရုတ်ခြည်းတုံ့ပြန်လက်နက်(ARRW)နှင့် အမေရိကန် ကြည်းတပ်၏ တာဝေးပစ်အသံလွှန်လက်နက်(LRHW)တို့ကို ၂၀၂၃ ခုနှစ်မတ်လတွင် စမ်းသပ်ခဲ့သော်လည်း ဘက်ထရီပြဿနာကြောင့် ဖျက်သိမ်းခဲ့ရမှုသည် အားနည်းချက်များကို မီးမောင်းထိုးပြသလျက်ရှိသည်။

သို့သော် အမေရိကန်သည် ဒုံးကျည်နယ်ပယ်တွင် လွှမ်းမိုးနိုင်ရေးအတွက် ဆက်လက်ချဉ်းကပ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ချဉ်းကပ်ဆောင်ရွက်ရာတွင် အလျင်အမြန်စမ်းသပ်ခြင်း၊ မအောင်မြင်မှုမှ လေ့လာသင်ယူခြင်းနှင့် တိုးတက်မှုရှိရန် အကြိမ်ကြိမ်လုပ်ဆောင်ခြင်း၊ ဆန်းသစ်တီထွင်မှု အရှိန်မြှင့်တင်ခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှုတို့ပါဝင်သည်။ အကြိမ်ကြိမ်စမ်းသပ်မှုနှင့် ချွတ်ယွင်းမှုများကိုလက်ခံခြင်းသည် အမေရိကန်နိုင်ငံအား အသံလွှန်စွမ်းဆောင်ရည်များ မြှင့်တင်နိုင်ရေး အလျင်အမြန် လိုက်လျောညီထွေဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် တရုတ်နှင့် ရုရှားနိုင်ငံတို့ကဲ့သို့သော အဆင့်တူနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိလာစေမည်ဖြစ်သည်။

အမေရိကန်အနေဖြင့် အသံလွှန်လက်နက်များ အစီအစဉ်ကို အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်နေသည့်တိုင်အောင် ဒုံးကျည်ပျံသန်းရာတွင် ပြင်ပဖိအားနှင့် ဆက်သွယ်မှုအဟန့်အတားတို့ကြောင့် တိကျမှုအပိုင်းတွင် စိန်ခေါ်မှုများမြင့်တက်လျက်ရှိသည်။ ၎င်းပြဿနာများသည် အီလက်ထရောနစ်ပိုင်းဆိုင်ရာနှင့် ပစ်မှတ်စနစ်များအပေါ် ထိခိုက်မှုဖြစ်စေနိုင်သည်။ အနိမ့်ပျံသန်းစဉ် အရှိန်နှေးကွေးခြင်းသည် အသံလွှန်ဒုံးကျည်ကိုနှေးကွေးစေနိုင်သည့်အတွက် ဒုံးကျည်ကာကွယ်ရေးစနစ်များ၏ အလွယ်တကူပစ်မှတ်ဖြစ်လာစေနိုင်သည်။

လှုပ်ရှားစစ်ကစားနိုင်သည့် ကျည်ထိပ်ဖူးတပ်ဆင်ထားသော ပဲ့ထိန်းဒုံးကျည်ထက်ကုန်ကျစရိတ်ပိုမိုကြီးမားသော အသံလွှန်လက်နက်များသည် နည်းဗျူဟာမြောက်အကျိုးဖြစ်ထွန်းမှုမရှိပေ။ ခရုဇ်ဒုံးကျည်များနှင့် ဒရုန်းများသည် မစ်ရှင်များစွာအတွက် လုံလောက်ဖွယ်ရာရှိပေသည်။ တာဝန်ထမ်းဆောင်မှုအပိုင်း၌ အမေရိကန်အနေဖြင့် နယ်မြေဝင်ရောက်ခွင့်ငြင်းဆိုခြင်း၊ နယ်မြေငြင်းဆန်ခြင်း (A2/AD) မဟာဗျူဟာများကို တန်ပြန်ရန်နှင့်ရန်သူ၏ ကြားဖြတ်တိုက်ခိုက်မှုများကို ဟန့်တားနိုင်ရေး ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုတို့ခိုင်မာသေချာစေရန် အသံလွှန်ဒုံးကျည်များကို ပေါင်းစပ်အသုံးပြုသွားရန် လိုအပ်သည်။

ဆိုရလျှင် အသံလွှန်ဒုံးကျည်များသည် အမေရိကန်နိုင်ငံ၏ အဆင့်တူပြိုင်ဘက်နိုင်ငံများ၏A2/AD ချဉ်းကပ်မှုကို ထိရောက်စွာတုံ့ပြန်နိုင်စွမ်းရှိစေမည်ဖြစ်သည်။ ၎င်းလက်နက်များသည် ဝေးကွာသောနေရာရှိ ပေါင်းစပ်လေကြောင်းရန်ကာကွယ်ရေးစနစ်များကိုချိုးဖောက်နိုင်ပြီး တာဝေးပစ်သဘော်ဖျက်ဒုံးကျည်စနစ်များကို ကျော်လွှားနိုင်သောကြောင့် အမေရိကန်လေတပ်နှင့် ရေတပ်တို့ကို ပိုမိုလွတ်လပ်စွာ တာဝန်ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။ သို့သော် ပစ်မှတ်ကို ခြေရာခံတိုက်ခိုက်ရန် လိုအပ်သော အမေရိကန်၏ရန်သူချေမှုန်းရေးစနစ်များသည် အပြန်အလှန်ချိတ်ဆက်မှု အစိတ်အပိုင်းများကို မှီခိုနေရသောကြောင့် ပျော့ကွက်ဟာကွက်များရှိနေသည်။

အမှန်တော့ တရုတ်နိုင်ငံသည် ကွန်ရက်များ၊ သို့မဟုတ် အာရုံခံစနစ်များကို နှောင့်ယှက်ရန်နှင့် တိုက်ခိုက်လာသော လက်နက်များကိုချေမှုန်းရန် နည်းလမ်းများ တိုးတက်လာပြီဖြစ်သည့်အတွက် အမေရိကန်၏ ရန်သူချေမှုန်းရေးစနစ်များကို ထိုးဖောက်ဖျက်ဆီးနိုင်စွမ်းရှိသည်။

မဟာဗျူဟာမြောက်အဆင့်၌ အမေရိကန်အနေဖြင့် အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေးစနစ်များကို မဟာဗျူဟာမြောက် ဟန့်တားနိုင်ရေး နျူကလီးယားတပ်ဆင်ထားသော အသံလွှန်ဒုံးကျည်များလိုအပ်နေမှုကို ဆန်းစစ်သွားရန် လိုအပ်လာပြီဖြစ်သလို မတော်တဆဖြစ်စဉ်များ အရှိန်အဟုန်မြင့်တက်လာမှုကိုလည်း စီမံခန့်ခွဲသွားရန်လိုအပ်သည်။

အမေရိကန်အနေဖြင့် သမားရိုးကျအသံလွှန်လက်နက်များအပေါ် အလေးထားလျက်ရှိသော်လည်း အဆင့်မြင့် ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေး(BMD)စနစ်များကို တန်ပြန်တိုက်ခိုက်နိုင်ရန်နှင့် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ခေတ်မီနျူကလီးယားကျည်ထိပ်ဖူးများနှင့်ဆက်နွှယ်၍ တုံ့ပြန်တိုက်ခိုက်နိုင်မည့် စွမ်းဆောင်ရည်တည်ဆောက်ရန် နျူကလီးယားကျည်ထိပ်ဖူးတင်ဆင်ထားသော အသံလွှန်လက်နက်များလိုအပ်မှုကို ထည့်သွင်းစဉ်းစားသွားရဖွယ်ရှိသည်။

နျူကလီးယားကျည်ထိပ်ဖူးတပ်ဆင်ထားသော အသံလွှန်လက်နက်မျာသည် ဒုံးကျည်ကာကွယ်ရေးစနစ်များကို ထိုးဖောက်နိုင်သောကြောင့် ထိရောက်စွာတုံ့ပြန်နိုင်ပြီး ကမ္ဘာလုံးဆိုင်ရာဟန့်တားမှုနှင့် တည်ငြိမ်မှုတို့ကို ထိန်းသိမ်းထားရှိနိုင်မည်ဖြစ်သည်။ သို့သော် အသံလွှန်လက်နက်များသည် အန္တရာယ်မြင့်တက်လာမှုနှင့် လက်နက်အပြိုင်အဆိုင်တပ်ဆင်မှုများ မြင့်တက်လာခြင်းအားဖြင့် မဟာဗျူဟာမြောက်တည်ငြိမ်အေးချမ်းမှုကို စိန်ခေါ်လျက်ရှိသည်။

၎င်းလက်နက်များ၏ လျင်မြန်မှုနှင့် လှုပ်ရှားစစ်ကစားနိုင်မှုတို့သည် တုံ့ပြန်ဆောင်ရွက်နိုင်သည့်အချိန်နည်းပါးသောကြောင့် ခြိမ်းခြောက်မှုကို အကဲဖြတ်ရန် သိမ်မွေ့နက်နဲခြင်းနှင့် အတွက်အချက်မှားယွင်းမှုအခွင့်အလမ်းများ မြင့်တက်လာစေမည်ဖြစ်သည်။၎င်းလက်နက်များသည် ပစ်မှတ်နှင့် ကျည်ထိပ်ဖူးတို့ကို လိုအပ်သလိုအဓိပ္ပာယ်ကောက်ယူခြင်းဖြင့် အန္တရာယ်ကိုဖြစ်ပေါ်စေနိုင်ပြီး စစ်ဘက်နှင့်အရပ်ဘက်သုံးအဆောက်အအုံများကို တိုက်ခိုက်ခြင်းသည် နျူကလီးယားတိုက်ခိုက်မှု လုပ်ဆောင်သည်ဟု မှားယွင်းတွက်ချက်မှုများ ဖြစ်ပေါ်လာနိုင်ပေသည်။

အမေရိကန်၏ အသံလွှန်လက်နက်များ အစီအစဉ်သည် အချိန်၊ နည်းပညာနှင့် မဟာဗျူဟာလိုအပ်ချက်တို့ကြောင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လျက်ရှိသည်။ အမေရိကန်အနေဖြင့် အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားနိုင်မှုနှင့် ပြိုင်ဘက်နိုင်ငံများအပေါ် အမီလိုက်နိုင်မှုအပေါ်မူတည်၍ အနာဂတ်စစ်နယ်ဝန်းကို ပုံဖော်တည်ဆောက်သွားလိမ့်မည်ဖြစ်သည်။ ပုံမှန်လက်နက်အပြိုင်အဆိုင်တပ်ဆင်မှုထက်ပိုမိုသော အသံလွှန်လက်နက် အပြိုင်အဆိုင်တည်ဆောက်ခြင်းသည် မျက်မှောက်ခေတ်ပထဝီနိုင်ငံရေးဆိုင်ရာ ပြိုင်ဆိုင်မှုတို့ကို ဖော်ညွှန်းလျက်ရှိသည်။ ထို့ကြောင့် အမေရိကန်နိုင်ငံအနေဖြင့် အချိန်မနှောင်းမီ အသံလွှန်လက်နက်တည်ဆောက်မှုကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်သည်။

**ကိုးကား**

**– US losing crucial hypersonic race to China and Russia by Asia Times.**

# တနင်္ဂနွေနေ့ညကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲမှာ ရမှတ်လိုအပ်ချက်ရှိနေတဲ့ မန်စီးတီးအသင်း၊ စတုဂတ်အသင်း၊ ဂျူဗင်တပ်အသင်းတို့ကို အားပေးရမှာပါ

M L



ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာပြိုင်ပွဲပြီးဆုံးဖို့ နီးကပ်လာတာကြောင့် သတိထားချဉ်းကပ်နေရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ညမှာတော့ ပရီးမီးယားလိဂ်နဲ့ စီးရီးအေမှာအသင်းကြီးတွေနဲ့ အိမ်ရှင်အသင်းတွေရလဒ်ကောင်းခဲ့ပေမဲ့ ပြင်သစ်လီဂူးနဲ့လာလီဂါမှာတော့ အကျောပေးထားတဲ့ အသင်းတွေနိုင်ပွဲမရခဲ့တာကြောင့် ဒီတစ်ပတ်ပွဲစဉ်တွေကိုလဲ တွေ့ဆုံမှုအစဉ်အလာတင်မဟုတ်ဘဲ လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုကိုပါ ထည့်သွင်းစဉ်းစားသွားရမှာပါ။ အမှတ်ပေးပြိုင်ပွဲအများစုဟာ ဘောလုံးရာသီကုန်ဆုံးဖို့ နီးကပ်လာတာနဲ့ရမှတ်လိုအပ်ချက်ရှိတဲ့ အသင်းတွေအားလုံးရေကုန်ရေခန်းကြိုးပမ်းလာတာကြောင့် ဒီတစ်ပတ်မှာလဲ ခြေစွမ်းပိုင်းအပြင် မဖြစ်မနေရမှတ်ရှာဖွေရမဲ့ ပွဲစဉ်တွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

### မန်စီးတီးအသင်းကို ရွေးချယ်ရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ်(၂၆)မှာအကြိုက်တွေ့မိတာကတော့ မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာတော့ မန်စီးတီးအသင်းက နှစ်ဂိုးဂိုးမရှိနဲ့ရှုံးခဲ့တာကိုတွေ့ရမှာပါ။ အဲဒီအချိန်တုန်းက မန်စီးတီးအသင်းမှာ အဓိကကစားသမားတွေ အားလုံးဒဏ်ရာရနေတာကြောင့် လီဗာပူးအသင်းကို တုံ့ပြန်နိုင်ခြင်းမရှိဘဲရှုံးခဲ့တယ်လို့ဆိုရမှာပါ။ လက်ရှိမှာတော့ ခံစစ်မှာ ခူဆာနို့ဗ်၊ ဗစ်တာရိစ်၊ တိုက်စစ်မှာ မာမောက်၊ ကွင်းလယ်မှာ ဂွန်ဇာလက်ဇ်တို့လို ကစားသမားတွေခေါ်ယူခဲ့သလို အသင်းကအဓိကကစားသမားတွေလဲ ဒဏ်ရာက ပြန်လည်ကောင်းမွန်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ တိုက်စစ်က ၁၀ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းမှာတော့ ကစားသမားအသစ်တွေကိုအရန်အဖြစ်သာ အသုံးပြုနေလို့ ခံစစ်ပိုင်းအားနည်းချက်ရှိနေတာကို သတိပြုရမှာပါ။ လက်ရှိသူတို့အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ရီးရဲလ်မက်ဒရစ်အသင်းကို ရှုံးခဲ့တာကြောင့် ပြိုင်ပွဲကထွက်ခွာခဲ့ရလို့ အမှတ်ပေးပြိုင်ပွဲကိုသာ အားပြုကစားပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရယူဖို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။ အမှတ်ပေးဇယားမှာရမှတ် ၄၄ မှတ်နဲ့ အဆင့်(၄) ရောက်နေပေမဲ့ အဆင့်(၁)က လီဗာပူးနဲ့ ၁၇ မှတ်ကွာဟနေတာကြောင့် ချန်ပီယံဆုအတွက် မျှော်မှန်းလို့မရတော့ပေမဲ့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက်ကတော့ ချဲလ်ဆီး၊ ဘုန်းမောက်၊ နယူးကာဆယ်တို့နဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာဖြစ်လို့ အမှားခံလို့မရတာကိုတွေ့ရမှာပါ။

လီဗာပူးအသင်းဟာ အက်ဖ်ဖလားပြိုင်ပွဲမှာ ပလိုင်းမောက်ကိုရှုံးနိမ့်ပြီးနောက်ပိုင်း ယုံကြည်မှုပိုင်းကျဆင်းသွားတာဖြစ်လို့ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းကျဆင်းသွားတာကိုတွေ့ရမှာပါ။ ပလိုင်းမောက်နဲ့ပွဲမှာ နည်းပြစလော့ဟာ ပြိုင်ဘက်ကိုလျှော့တွက်ပြီး ဂျိုတာ၊ ဒီယက်ဇ်၊ ချီဆာတို့ကို လူငယ်တွေနဲ့ပွဲထွက်ခဲ့တာကြောင့် တစ်ဂိုးဂိုးမရှိနဲ့ရှုံးခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း ပွဲကျန်ပွဲစဉ်ဖြစ်တဲ့ အဲဗာတန်နဲ့ ဒါဘီပွဲစဉ်မှာ အပြန်အလှန်ဂိုးတွေနဲ့ ဖိအားပေးကစားနိုင်ခဲ့ပေမဲ့ နာကျင်အချိန်ပိုမှာ ပြိုင်ဘက်ရဲ့ တိုက်စစ်ကိုဟန့်တားနိုင်ခြင်းမရှိလို့ သရေရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်က ခြေစွမ်းပိုင်းကိုကြည့်ရင် လီဗာပူးအသင်းတိုက်စစ်ကစားပုံကောင်းနေပေမဲ့ ခံစစ်ပိုင်းမှာတော့ လိုအပ်ချက်တွေရှိနေတာကိုသတိပြုရမှာပါ။ ဒါကြောင့် နောက်ဆုံးငါးပွဲမှာခြောက်ဂိုးထိပေးထားရတဲ့ ခံစစ်ကြောင်းကိုမပြင်နိုင်ရင်တော့ တိုက်စစ်ပိုင်းထက်မြက်လာတဲ့ မန်စီးတီးအသင်းကိုထိန်းချုပ်နိုင်မှာမဟုတ်ဘဲ အပြန်အလှန်သွင်းဂိုးတွေ များသွားနိုင်ပါတယ်။ အကျောပေးမှုကလဲသရေရလဒ်ဆို လီဗာပူးအနည်းငယ်သာဆုံးရှုံးမဲ့ အခြေအနေကအိမ်ရှင်ရဲ့တိုက်စစ်ကစားအားကို လျှော့မတွက်ရဲတဲ့ အကျောပေးမှုဖြစ်နေလို့ အိမ်ရှင်မန်စီးတီးအသင်းကို ရွေးချယ်ရမှာပါ။

#### မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၅ | - | ၁ | မန်စီးတီး |
| လေတန် | ၁ | - | ၂ | မန်စီးတီး |
| မန်စီးတီး | ၂ | - | ၃ | ရီးရဲလ်မက်ဒရစ် |
| မန်စီးတီး | ၄ | - | ၀ | နယူးကာဆယ် |
| ရီးရဲလ်မက်ဒရစ် | ၃ | - | ၁ | မန်စီးတီး |

#### လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၄ | - | ၀ | စပါး |
| ပလိုင်းမောက် | ၁ | - | ၀ | လီဗာပူး |
| အဲဗာတန် | ၂ | - | ၂ | လီဗာပူး |
| လီဗာပူး | ၂ | - | ၁ | ဝုဗ် |
| အေဗီလာ | ၂ | - | ၂ | လီဗာပူး |

### စတုဂတ်အသင်းကို ရွေးချယ်ရမှာပါ

ဘွန်ဒက်လီဂါ ပွဲစဉ် ၂၃ မှာအကြိုက်တွေ့တာကတော့ ဟော်ဖန်ဟိမ်း နဲ့ စတုဂတ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဟော်ဖန်ဟိမ်းဟာဒဏ်ရာရကစားသမားကိုးယောက်ထိရှိနေတာကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်မှာတော့ ဝုဖ်ဘတ်လိုခြေစွမ်းပိုင်းထက်မြက်နေတဲ့ အသင်းကိုသုံးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တဲ့ ခြေစွမ်းကတော့ အားရစရာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ပွဲစကတည်းက ဦးဆောင်ဂိုးပေးခဲ့ရပေမဲ့ တန်ပြန်တိုက်စစ်ကောင်းခဲ့တာကြောင့် ပွဲချိန် ၂၈ မိနစ်၊ ၄၄ မိနစ်နဲ့ ၆၃ မိနစ်တို့မှာဂိုးသွင်းယူနိုင်ခဲ့လို့ နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ဟော်ဖန်ဟိမ်းဟာ အခုရာသီမှာခြေစွမ်းပိုင်းကျဆင်းခဲ့တာကြောင့် ၂၂ ပွဲအပြီးမှာ ရမှတ် ၂၁ မှတ်သာရခဲ့လို့ အဆင့်(၁၅) မှာရောက်နေပြီး တန်းဆင်းဇုန်ဖိအားရှိနေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလဲနှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေထွက်ပေါ်ခဲ့ပေမဲ့ ခံစစ်ကပေးဂိုး ၁၃ ဂိုးထိရှိခဲ့တာကြောင့် ခံစစ်ပိုင်းကျဆင်းနေတယ်လို့ ဆိုရမှာပါ။ ဒါကြောင့် စတုဂတ်နဲ့ပွဲစဉ်မှာခံစစ်ကစားပုံမပြင်နိုင်ရင်တော့ အန်ဒက်ဗ်ကိုထိန်းချုပ်နိုင်မှာမဟုတ်လို့ ရုန်းကန်ရမှာပါ။

စတုဂတ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာနှစ်ပွဲနိုင်၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ချန်ပီယံလိဂ်ကစားခွင့်ရခဲ့ပေမဲ့ ကစားသမားဖြည့်တင်းနိုင်ခြင်းမရှိလို့ ပွဲပန်းမှုနဲ့ ဒဏ်ရာရကစားသမား များပြားမှုက အသင်းရလဒ်ပိုင်းကိုထိခိုက်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲက စောစီးစွာထွက်ခဲ့ရသလို အမှတ်ပေးပြိုင်ပွဲမှာလဲဥရောပဝင်ခွင့်ရဖို့အတွက်ပါ အစွမ်းကုန်ကြိုးပမ်းနေရတာဖြစ်ပါတယ်။ လက်ရှိမှာတော့ တိုက်စစ်က တိုရေးအပါအဝင် ကစားသမားလေးယောက် ထိသာဒဏ်ရာရနေတာဖြစ်လို့ ဟော်ဖန်ဟိမ်းလိုအသင်းကိုတော့ ပွဲချိန်ပြည့်ဖိအားပေးကစားနိုင်မှာသေချာပါတယ်။ နည်းပြဟိုးနက်စ်ရဲ့ ကစားကွက်ပိုင်းမှာ တိုက်စစ်မှူးအန်ဒက်ဗ်ကခြေစွမ်းပြသနေပြီး သွင်းဂိုးခုနစ် ဂိုးထိသွင်းယူနိုင်ခဲ့တာကြောင့် ဟော်ဖန်ဟိမ်းအသင်းပွဲချိန်ပြည့်ထိန်းချုပ်နိုင်မလားဆိုတာစောင့်ကြည့်ရမှာပါ။ သူတို့နှစ်သင်းကစားသမားစုဖွဲ့မှုနဲ့ နည်းပြရဲ့နည်းစနစ်ပိုင်းမှာ စတုဂတ်အသင်းက သာလွန်နေတာကြောင့် အခုပွဲမှာ စတုဂတ်အသင်းကို ရွေးချယ်ရမှာပါ။

#### ဟော်ဖန်ဟိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဟော်ဖန်ဟိမ်း | ၂ | - | ၂ | ဖရန့်ဖတ် |
| အန်ဒါလက် | ၃ | - | ၄ | ဟော်ဖန်ဟိမ်း |
| လေဗာကူဆင် | ၃ | - | ၁ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၀ | - | ၄ | ယူနီယံဘာလင် |
| ဝဒါဘရီမင် | ၁ | - | ၃ | ဟော်ဖန်ဟိမ်း |

#### စတုဂတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စတုဂတ် | ၁ | - | ၄ | ပီအက်စ်ဂျီ |
| စတုဂတ် | ၁ | - | ၂ | ဂလာဘတ် |
| စတုဂတ် | ၁ | - | ၀ | အော့စ်ဘတ် |
| ဒေါ့မွန် | ၁ | - | ၂ | စတုဂတ် |
| စတုဂတ် | ၁ | - | ၂ | ဝုဖ်ဘတ် |

### ဂျူဗင်တပ်အသင်း အနိုင်ရမှာပါ

တနင်္ဂနွေနေ့ညစီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ကက်ဂလီယာရီနဲ့ ဂျူဗင်တပ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တဲ့ ကိုပါအီတာလီယာဖလားပွဲမှာတော့ ဂျူဗင်တပ်ကလေးဂိုးပြတ်နဲ့ အနိုင်ရခဲ့ပေမဲ့ ပထမအကျော့အမှတ်ပေးပွဲမှာတော့ တစ်ဂိုးစီသရေရလဒ်သာ ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ ကက်ဂလီယာရီဟာနည်းပြ နီကိုလာလက်ထက်မှာ ကစားပုံတိုးတက်လာတာကြောင့် အိမ်ကွင်းပွဲတွေမှာ ခြေရည်တူအသင်းတွေကိုနိုင်ပွဲရခဲ့သလို အသင်းကြီးတွေကိုတောင် ရမှတ်ခွဲယူနိုင်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးငါးပွဲဆက်မှာတော့ လက်ချီနဲ့ပါးမားကို အနိုင်ရခဲ့ပေမဲ့ လာဇီယို၊ တိုရီနိုကိုရှုံးခဲ့ပြီး အတ္တလန်တာအသင်းကို သရေရလဒ်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အမှတ်ပေးပွဲ ၂၅ ပွဲအပြီးမှာရမှတ် ၂၅ မှတ်ရခဲ့တာကြောင့် အဆင့်(၁၄) မှာ ရပ်တည်နေတာကိုတွေ့ရမှာပါ။

ဂျူဗင်တပ်အသင်းဟာကြားရက်က ချန်ပီယံလိဂ်ပြိုင်ပွဲမှာပီအက်စ်ဗွီအသင်းကိုရှုံးခဲ့တာကြောင့် ပြိုင်ပွဲကထွက်ခွာခဲ့ရလို့ အမှတ်ပေးပြိုင်ပွဲကို အာရုံစိုက်ကစားပြီးချန်ပီယံဆုကိုစိန်ခေါ်ဖို့ ကြိုးပမ်းလာမှာ သေချာပါတယ်။ သူတို့အသင်းဟာ ဇန်နဝါရီအပြောင်းအရွှေ့မှာ ကော်စတာ၊ မူအာနီ၊ ဗီအီဂါ၊ ကယ်လီတို့လိုကစားသမားကောင်းတွေကိုအားဖြည့်နိုင်ခဲ့တာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ခံစစ်၊ တိုက်စစ် အချိတ်အဆက်မိလာပြီး ပွဲတိုင်းဂိုးရခဲ့တာကိုသတိပြုရမှာပါ။ ဂျူဗင်တပ်အသင်းဟာနည်းပြ မော့တာလက်ထက်မှာ ခံစစ်ကစားပုံကောင်းခဲ့ပေမဲ့ တိုက်စစ်ပိုင်းမှာ ဗလာဟိုဗစ် ဂိုးရဖို့ခက်နေလို့ သရေရလဒ်တွေများခဲ့ပေမဲ့ တိုက်စစ်မှူး မူအာနီရောက်ရှိပြီးနောက်ပိုင်း တိုက်စစ်ကစားပုံထက်မြက်လာတာကို တွေ့ရမှာပါ။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ရှစ်ပွဲဆက်မှာလဲ ဂျူဗင်တပ်အသင်း ရှုံးပွဲမရှိခဲ့ သလို လက်ရှိတိုက်စစ်ပိုင်းနဲ့ နည်းစနစ်ပိုင်းမှာလဲ ဂျူဗင်တပ်အသင်းသာလွန်နေတာဖြစ်လို့ အမှတ်ပေးပြိုင်ပွဲမှာရမှတ်လိုအပ်နေတဲ့ ဂျူဗင်တပ်အသင်းပဲ အနိုင်ရသွားမှာပါ။

#### ကက်ဂလီယာရီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကက်ဂလီယာရီ | ၄ | - | ၁ | လက်ချီ |
| တိုရီနို | ၂ | - | ၀ | ကက်ဂလီယာရီ |
| ကက်ဂလီယာရီ | ၁ | - | ၂ | လာဇီယို |
| ကက်ဂလီယာရီ | ၂ | - | ၁ | ပါးမား |
| အတ္တလန်တာ | ၀ | - | ၀ | ကက်ဂလီယာရီ |

#### ဂျူဗင်တပ်အသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၄ | - | ၁ | အမ်ပိုလီ |
| ကိုမို | ၁ | - | ၂ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၂ | - | ၁ | ပီအက်ဗွီ |
| ဂျူဗင်တပ် | ၁ | - | ၀ | အင်တာမီလန် |
| ပီအက်ဗွီ | ၃ | - | ၁ | ဂျူဗင်တပ် |




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံထောပတ်ပဲ ၃၈၉၃ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ယင်းမာပင် ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၈၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၈၈၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၈၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ထောပတ်ပဲ ၃၈၈၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၈၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်။ ထောပတ်ပဲက ဈေးကောင်းရရှိတဲ့အတွက် အားထားစိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ထောပတ်ပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၈၅၉ ဧက၊ ကနီမြို့နယ်တွင် ၂၈၂၇ ဧက၊ ပုလဲမြို့နယ်တွင် ၂၀၇ ဧက စုစုပေါင်း ၃၈၉၃ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ထောပတ်ပဲစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲပုံနှင့် အချိန်မီရိတ်သိမ်းမှု စသည့်အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ထောပတ်ပဲများ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့နိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ထောပတ်ပဲများကို ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

## အင်္ဂပူမြို့နယ် မေတ္တာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများတိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ သုံးရွာတစ်ယူနစ်ဖြင့် ဆောင်ရွက်သော မေတ္တာကုန်းကျေးရွာ၊ တာကန့်လန်ကျေးရွာနှင့် ကျောင်းစုကျေးရွာတို့အတွက် နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက မေတ္တာကုန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉ ဒသမ ၇၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မေတ္တာကုန်းကျေးရွာ၊ တာကန့်လန်ကျေးရွာနှင့် ကျောင်းစုကျေးရွာတို့ရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၃ ဦးကို ရန်ပုံငွေကျပ် ၃၉ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

❖ နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင်နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကို ပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ်…

❖ ဒေသတစ်ခုပျက်စီးစေရန်အတွက် လုပ်ဆောင်ကြသူများမှာ အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံအဖျက်သမား အကြမ်းဖက်များပင်ဖြစ်…

❖ အခြားဒေသတွင် နေထိုင်သူများက လာရောက်လုပ်ဆောင်နိုင်ခြင်း မရှိ…

❖ ဥပမာပေးရမည်ဆိုပါက "အရိပ်နေနေ၊ အခက်ချိုးချိုး" ပြုလုပ်နေသူများဖြစ်…

❖ ၎င်းကဲ့သို့ အကြမ်းဖက်အဖျက်သမားများကို လူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လို…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗထူးတပ်နယ်အတွင်းရှိ နယ်မြေခံ စိုက်ပျိုးမွေးမြူရေးတပ်ရင်းနှင့် တပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဗထူးတပ်နယ်အတွင်းရှိ နယ်မြေခံ စိုက်ပျိုးမွေးမြူရေးတပ်ရင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် နယ်မြေခံတပ်မတော်ဆေးရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နယ်မြေခံစိုက်ပျိုးမွေးမြူရေးတပ်ရင်းသို့ ရောက်ရှိရာ တပ်ရင်းအစည်းအဝေးခန်းမ၌ တပ်ရင်းမှူးက

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗထူးတပ်နယ်အတွင်းရှိ နယ်မြေခံစိုက်ပျိုးမွေးမြူရေးတပ်ရင်း၌ စိုက်ပျိုးရေးဇုန်က ထွက်ရှိသည့် နေကြာစေ့မှ ဆီကြိတ်ခွဲထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563